# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 16 June 2022 ၁၀၇၆၈


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်၍မရဘဲ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်

## အဖွဲ့အစည်းလိုက် မိသားစုပုံစံ ဖွဲ့စည်းဆောင်ရွက်ရသဖြင့် အချင်းချင်း နားလည်မှုနှင့် စည်းလုံးညီညွတ်နေရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားတပ်နယ်မှ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မင်းပြားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ရိပ်သာ၌ တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ


**ကျန်းမာရေးဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်း ဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာခေါ်ယူလျက်ရှိခြင်းနှင့် ပတ်သက်၍ သိကောင်းစရာ အမေး/အဖြေများ** စာမျက်နှာ » ၉

**မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်** ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း** စာမျက်နှာ » ၁၁

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါ ကူးစက်မှုဆိုင်ရာ အရေးပေါ် ကော်မတီတစ်ရပ် ဖွဲ့စည်းမည်** စာမျက်နှာ » ၁၃

ကြေးမုံ

# သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး

ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ၏ လုပ်ငန်းတိုင်းတွင် သုတေသနလုပ်ငန်းများကို ထူထောင်ထားကြပြီး စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်နေကြသည်။ သုတေသနလုပ်ငန်းသည် လက်ငင်းဆောင်ရွက်နေသော လုပ်ငန်းများအား အထောက်အကူပြုသည့်အပြင် ရေရှည်လုပ်ကိုင်ရသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေပါသည်။ ထို့ကြောင့် သုတေသနပြုလုပ်ရာမှ ပေါ်ထွက်လာသော အကျိုးရလဒ်များကို သိမြင်နားလည်ကြသဖြင့် သုတေသနကို တန်ဖိုးထားဆောင်ရွက်နေကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁၄ ရက်နေ့က နေပြည်တော်ကောင်စီနယ်မြေရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားရာတွင် သုတေသနလုပ်ငန်း (Research and Development) သည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများကို လုပ်ငန်းဌာနများ၌ ထူထောင်ထားကြသည်ကို တွေ့ရသည်။ နိုင်ငံအတွက် အရေးကြီးသောလုပ်ငန်းကဏ္ဍများတွင် သုတေသနလုပ်ငန်းများကို စနစ်တကျထူထောင်ထားပြီး လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ကြသည်။ အထူးသဖြင့် နိုင်ငံ၏အခြေခံအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် သုတေသနဌာနများကို စနစ်တကျဖွဲ့စည်းထူထောင်ထားသည်။ ဌာနများ၏ သုတေသနလုပ်ငန်းများမှ ပေါ်ထွက်လာမှုများအပေါ်မူတည်၍ အကျိုးရှိထိရောက်သော ရလဒ်ကောင်းများလည်း ရရှိခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံရှိ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည်။ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများလည်းရှိသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဂျီဒီပီသည် စိုက်ပျိုးရေးလုပ်ငန်းများမှ များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနများက စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေကြသည်။ အကျိုးရလဒ်ကောင်းများပေါ်ထွက်လာအောင် သုတေသနပြုရှာဖွေဖော်ထုတ်လျက်ရှိသည်။

စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်စေရန်နှင့် အရည်အသွေးမြင့်မားစေရန် သုတေသနလုပ်ငန်းများမှ များစွာအထောက်အကူပြုလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးမျိုးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့် မြေဩဇာရရှိရန်၊ ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန်အချက်များသည် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများအပေါ်တွင် များစွာတည်မှီနေသည်။ ဖော်ပြပါအချက်လေးချက်၏ အားသာခြင်း၊ အားနည်းခြင်းအပေါ်မူတည်၍ အထွက်နှုန်းနှင့် တန်ဖိုးကွာခြားသွားသဖြင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အရေးပါကြောင်း ပြသလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စပါးမျိုးများတွင် မျိုးသန့်မျိုးကောင်းများစွာရှိသည်။ စပါးမျိုးများအနက် ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများစိုက်ပျိုးထုတ်လုပ်ရန်လိုအပ်သည်။ ဥပမာအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ပင်လယ်ရေငန်ဒဏ်ခံနိုင်သည့် စပါးမျိုးများ၊ ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများရရှိနိုင်စေရန် သုတေသနပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ မိုးနည်းရေရှားဒေသများတွင် ရေဓာတ်လိုအပ်ချက်နည်းသော စပါးမျိုးများ ရွေးချယ်နိုင်ရန်လည်း လိုအပ်သည်။ ရေကိုအကျိုးရှိစွာအသုံးချနိုင်သည့် နည်းစနစ်များကိုလည်း ဖော်ထုတ်နိုင်ရန်လိုအပ်သည်။ ဒေသအလိုက်စပါးမျိုးများအပေါ်မူတည်၍ အာဟာရလုံလောက်စွာပေးနိုင်သော မြေဩဇာများကိုလည်း ထုတ်လုပ်နိုင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ရန်ကုန်မြို့ ကြို့ကုန်းတွင် လယ်ယာစိုက်ပျိုးခြင်း သုတေသနဗိမာန်အမည်ဖြင့် ၁၉၅၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ပျဉ်းမနားမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သုတေသနဗဟိုဌာန ခုနစ်ခု၊ သုတေသနခြံ/စခန်း ၂၂ ခုဖွင့်လှစ်ထား၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၁၉၅၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သီးနှံမျိုးစုံ ၂၅၃ မျိုးကို ထုတ်ဝေပေးနိုင်ခဲ့သည်။ ယခုအခါ သီးနှံမျိုးစုံ ၃၇ မျိုးကို သုတေသနပြုထုတ်လုပ်နိုင်ခဲ့ပြီး ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများမှ စပါးအပြင် အခြားသီးနှံများအတွက်ပါ အပင်မျိုးဗီဇတစ်သောင်းကျော် ထိန်းသိမ်းထားရှိနိုင်ပြီး ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများသို့ သီးနှံဗီဇအရင်းအမြစ် စုစုပေါင်း နှစ်သောင်းခွဲခန့် ဖြန့်ဝေပေးနိုင်ခဲ့သည်။ သို့ဖြစ်ရာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများမှ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများစွာကို ပေးဝေနိုင်ခဲ့ပြီဖြစ်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အားပေးမြှင့်တင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## လှည်းကူးမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



လှည်းကူး ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ်၌ ၂၀၂၂ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဝင်းလွင်ဦး၊ ဦးခင်ဇော်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်နိုင်၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းတို့က ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ကျောင်းသားကျောင်းသူများထံသို့ စိုက်ပျိုးမည့် ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ မဲဇလီ၊ စိန်ပန်းနှင့် မန်ကျည်းရှားပင် စသည့်ပျိုးပင် ၅၀၀ တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်စိုက်ပျိုးထားရှိပြီး ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၂ ခုနှစ် မိုးရာသီသစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးအတွက် မင်္ဂလာဒုံ ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၄၀၀၀၀ ကို ပျိုးထောင်စိုက်ပျိုးထားရှိပြီး ဒေသခံပြည်သူများထံ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

### ပျိုးထောင်ထားရှိ

အဆိုပါ ပျိုးဥယျာဉ်တွင် ပျိုးပင် ၁၀ မျိုးဖြစ်သော ကျွန်းပင် ၄၀၀၀၊ မဟော်ဂနီ ၆၀၀၀၊ မန်ကျည်းရှား ၁၅၀၀၀၊ ပျဉ်းကတိုး ၂၅၀၀၊ ခရေ ၂၅၀၀၊ စိန်ပန်း ၂၅၀၀၊ မဲဇလီ ၂၀၀၀၊ ကံ့ကော် ၁၀၀၀၊ ပျဉ်းမ ၃၅၀၀ နှင့် ပိတောက် ၁၀၀၀ စသည့် ပျိုးပင်ပေါင်း ၄၀၀၀၀ ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ စတင်ပျိုးထောင်ထားရှိပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်ကာ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ (အရှေ့/ အနောက်) မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူလင်းထံမှ သိရသည်။

**ဉာဏ်ဟိန်း**


## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၄၄၄ | ၃,၃၃၇,၃၀၀ |
| MTSH | ၂,၆၅၀ | ၂,၇၀၀ | ၄၃ | ၁၁၅,၅၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၂၅ | ၄၃၇,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၁၁၁ | ၂၈၃,၀၅၀ |
| AMATA | ၅,၅၀၀ | ၅,၀၀၀ | ၃ | ၁၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၉.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၃၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၇၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၈.၆၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၀၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၀.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၀.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၂.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒေသတစ်ခု၊ မြို့နယ်တစ်ခု စီးပွားရေး ကောင်းမွန်ဖွံ့ဖြိုးတိုးတက်ရန် ဦးစီးဦးဆောင်သူများသည် အရေးကြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ဟန်ချက်ညီ ပူးပေါင်းပါဝင် လုပ်ဆောင်နိုင်အောင် စည်းရုံးဆွဲဆောင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမ်းမြို့ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်က အမ်းမြို့နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဒေသဆိုင်ရာအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် အမ်းမြို့နယ်သည် ၂၀၂၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် ခရိုင်အဖြစ်သို့ တိုးမြှင့်ဖွဲ့စည်းခဲ့သဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စများတွင် ကျောက်ဖြူမှတစ်ဆင့် သွားရန်မလိုဘဲ ပြည်နယ်သို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ မြန်ဆန်ပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ ခရိုင်၏ လုပ်ပိုင်ခွင့်သည်ကြီးမားပြီး တရားရေးဆိုင်ရာကဲ့သို့သော အဆုံးအဖြတ်ပေးနိုင်သည့် အခွင့်အာဏာများ ပေးအပ်ထားသဖြင့် ခရိုင်ဖွဲ့စည်း လည်ပတ်နိုင်ရေး လုပ်နိုင်သည်များ အမြန်ပြီးစီးအောင် လုပ်ဆောင်ရန်လိုကြောင်း၊ အမ်းမြို့နယ်သည် နိုင်ငံ၏ အလယ်ပိုင်းနှင့် ရခိုင်ပြည်နယ်အတွက် ဝင်ထွက်ပေါက် နေရာဖြစ်ပြီး တောင်ကုတ်၊ ကျောက်ဖြူ၊ စစ်တွေ၊ မင်းဘူးမြို့တို့သို့ သွားရောက်နိုင်သည့် ဆုံချက်နေရာ ဖြစ်၍ အရေးပါသောမြို့တစ်မြို့ဖြစ်ကြောင်း၊ ထိုကဲ့သို့ အရေးပါသော မိမိတို့တာဝန်ထမ်းဆောင်ရာ မြို့မှတစ်ဆင့် မဖြစ်သင့် မဖြစ်ထိုက်သည့် တရားမဝင် ကိစ္စရပ်များ၊ မဖြစ်သင့် မဖြစ်ထိုက်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ လုံးဝမဖြစ်စေရေး အမျိုးသားရေး အသိစိတ်၊ နိုင်ငံရေးအသိစိတ်၊ လုံခြုံရေးအသိစိတ်တို့ဖြင့် ဒေသနေပြည်သူများနှင့် ပူးပေါင်း ကာကွယ်တားဆီးကြရန်လိုကြောင်း။

**ငြိမ်းချမ်းရေးရရှိရန်**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် နယ်မြေ တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများကို ကြည့်ပါက တည်ငြိမ်အေးချမ်းမှုကိုတွေ့နိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် လက်နက်ကိုင်ပဋိပက္ခများ အနည်းနှင့်အများရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီ အစိုးရလက်ထက်မှစတင်၍ အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးရရှိရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် အောင်မြင်ခဲ့သည်များရှိခဲ့သလို မအောင်မြင်မှုများလည်း တွေ့ခဲ့ရကြောင်း၊ အနီးစပ်ဆုံး ကြည့်ပါက ၂၀၁၁ -၂၀၁၅ ပါတီစုံ ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဒုတိယပါတီစုံဒီမိုကရေစီအစိုးရကာလတွင် နှစ်ဖွဲ့ဖြင့် ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ၁၀ ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဖိတ်ခေါ်မှုအရ မြန်မာနိုင်ငံအတွင်းရှိ ပါတီစုံဒီမိုကရေစီစနစ်အား လိုလားဆန္ဒရှိကြသည့်၊ လက်ခံကြသည့် တိုင်းရင်းသားပြည်သူလူထုအများစု၏ဆန္ဒကို လက်ခံသဘောပေါက်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်၍ ထပ်မံလာရောက်ဆွေးနွေးမည့် အဖွဲ့များလည်း ရှိနေသေးကြောင်း။

ငြိမ်းချမ်းရေးတွင် အဓိကလိုအပ်ချက်သည် ထာဝရ ငြိမ်းချမ်းရေးရရှိပြီး လက်နက်ကိုင်ပဋိပက္ခလုံးဝ ထပ်မံ မဖြစ်ပေါ်စေရေးပင်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးကိုမျှော်မှန်း၍ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တိုင်းရင်းသား၊ ပြည်သူတို့လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို မူဘောင်အဖြစ် ရပ်တည်ကာ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုနှင့် ပြည်နယ်များ အာဏာကိုခွဲဝေအုပ်ချုပ်ခြင်းဖြစ်ပြီး ကျင့်သုံးသည့်နိုင်ငံအလိုက် ပုံစံအမျိုးမျိုး ကွဲပြားကျင့်သုံးကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဒေသ၊ လူမျိုး၊ သမိုင်းကြောင်းကို အခြေခံ၍ လိုက်လျောညီထွေသည့်ပုံစံဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လိုချင်သည့်အရာကို လက်နက်ကိုင်၍ တောင်းဆိုခြင်းထက် ငြိမ်းချမ်းရေးစားပွဲဝိုင်း၌တောင်းဆိုခြင်း၊ ပြည်သူ့ကိုယ်စားလှယ်အနေဖြင့် လွှတ်တော်အတွင်း၌ တောင်းဆိုခြင်းသည် ပြည်သူလိုလားသော တောင်းဆိုနည်းအမှန်ဖြစ်ကြောင်း၊ အများပြည်သူလိုလားသည့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှု ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ထားဆဲဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်များမှ နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် နယ်မြေ တည်ငြိမ်အေးချမ်းရန်လိုကြောင်း၊ တည်ငြိမ်မှုမရှိပါက တရားမျှတသော ရွေးကောက်ပွဲ ပြုလုပ်နိုင်မည် မဟုတ်သကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန် ရွေးချယ်နိုင်မည် မဟုတ်ကြောင်း၊ ပြီးခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ အကျိုးဆက်ကြောင့် ပေါ်ပေါက်ခဲ့သောယာယီတိုက်ပွဲရှောင်များကို ယခုလိုအေးချမ်းနေသည့်အချိန်တွင် မူလနေရာသို့ ပြန်လည်နေထိုင်နိုင်ရေးနှင့် အလုပ်အကိုင်ပုံမှန် ပြန်လည်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း။

**ပန်းတိုင်အထွက်ပြည့်မီရန်**

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ အမ်းမြို့သည် ကုန်းလမ်းပို့ဆောင်ရေးအရ အချက်အချာကျသော နေရာဖြစ်သဖြင့် ပထဝီအနေအထားအရ ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ ဖန်တီးဖော်ဆောင်ပေးရန်လိုကြောင်း၊ အမ်းမြို့နယ်တွင် လူဦးရေ ၁၂၀၀၀၀ ကျော် နေထိုင်ပြီး အသားတင်စိုက်ပျိုးမြေဧက ၆၀၀၀၀ ကျော်ရှိသဖြင့် စိုက်ပျိုးမြေဧက လုံလောက်မှုရှိရာ စပါးအပါအဝင် အခြားသီးနှံများ ပန်းတိုင်အထွက်ရရှိအောင် လုပ်ဆောင်ခြင်းဖြင့် ဒေသဖူလုံမှုအပြင် ပြည်ပသို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တိုင်းပြည်သာယာဝပြောရေးအတွက် ပန်းတိုင်အထွက်ပြည့်မီရန် လိုအပ်နေသဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာ၊ အဆင့်မြင့် မျိုးကောင်း မျိုးသန့်ရရှိစိုက်ပျိုးနိုင်ရေး အကြံဉာဏ်ပေးခြင်း၊ ပညာပေးခြင်းဖြင့် ပံ့ပိုးသွားရန်လိုကြောင်း၊ မွေးမြူရေးအနေဖြင့် တပ်တောင်နှင့် ပတ်ဝန်းကျင်ကမ်းရိုးတန်းနေရာများသည် ရေလုပ်ငန်းဖြစ်ထွန်းနိုင်ပြီး ကဏန်း၊ ပုစွန်မွေးမြူမှုကို မိရိုးဖလာ သဘာဝမွေးမြူခြင်းအစား အဆင့်မြင့်နည်းပညာရယူ၍ သိပ္ပံနည်းကျလုပ်ဆောင်ခြင်းဖြင့် စီးပွားဖြစ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ဖြစ်ထွန်းအောင်မြင်သော ဒေသတို့မှ နည်းစနစ်များ လေ့လာစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း ကူညီပေးသွားရန်လိုကြောင်း။

ကျန်းမာရေး၊ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ကျန်းမာရေးနှင့်ပညာရေးကို အဓိကဦးစားပေးလုပ်ငန်းအဖြစ်ဆောင်ရွက်နေကြောင်း၊ ကျန်းမာရေး ကောင်းမွန်မှသာ လူမှုရေး၊ စီးပွားရေး အစစ အဆင်ပြေမည်ဖြစ်၍ ကျန်းမာရေးနှင့် လျော်ညီအောင်နေထိုင်စားသောက်ရန်လိုကြောင်း၊ **စာမျက်နှာ ၄ သို့** ❖

- ❖ **အမ်းမြို့နယ်သည် နိုင်ငံ၏အလယ်ပိုင်းနှင့် ရခိုင်ပြည်နယ်အတွက် ဝင်ထွက်ပေါက် နေရာဖြစ်ပြီး တောင်ကုတ်၊ ကျောက်ဖြူ၊ စစ်တွေ၊ မင်းဘူးမြို့တို့သို့ သွားရောက်နိုင်သည့် ဆုံချက်နေရာဖြစ်၍ အရေးပါသော မြို့တစ်မြို့ဖြစ်**
- ❖ **ထိုကဲ့သို့ အရေးပါသော မိမိတို့တာဝန်ထမ်းဆောင်ရာ မြို့မှတစ်ဆင့် မဖြစ်သင့် မဖြစ်ထိုက်သည့် တရားမဝင်ကိစ္စရပ်များ၊ မဖြစ်သင့် မဖြစ်ထိုက်သည့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ လုံးဝမဖြစ်စေရေး အမျိုးသားရေးအသိစိတ်၊ နိုင်ငံရေးအသိစိတ်၊ လုံခြုံရေး အသိစိတ်တို့ဖြင့် ဒေသနေပြည်သူများနှင့် ပူးပေါင်းကာကွယ်တားဆီးကြရန်လို**

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် တပ်မတော်သားများဖြစ်၍ သွားလာနေထိုင်မှုမှအစ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်းလုပ်၍မရဘဲ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းလိုက် မိသားစုပုံစံ ဖွဲ့စည်းဆောင်ရွက်ရသဖြင့် အချင်းချင်း နားလည်မှုနှင့် စည်းလုံးညီညွတ်နေရန် လိုကြောင်း၊ စည်းလုံးညီညွတ်ရန်အတွက် နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းပေးသော ထောက်ပံ့ပေးမှုများကို အချိန်မီ မှန်မှန်ကန်ကန်ရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ တာဝန်ပေးအပ်ရာတွင်လည်း လူမှန်နေရာမှန်ဖြင့် မျှတစွာတာဝန်ပေးရန်လိုကြောင်း၊ တပ်မှူးများသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ဘဝလုံခြုံရေးကို တပ်မတော်၏ ညွှန်ကြားချက် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန် တာဝန်ရှိ၍ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပေးအပ်သောတာဝန်ကို နောက်ဆံမတင်းဘဲ ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထောက်ပံ့ပေးသည့် ရသင့်ရထိုက်သည်များ အချိန်မှန်ရရှိရန်မှာ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို မလစ်ဟင်းအောင် ကြပ်မတ်နေရမည်ဖြစ်ကြောင်း၊ သင်ကြားပေးသည့် စစ်ပညာများကို မေ့ထား၍မရဘဲ လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့အသုံးချနိုင်ရန်မှာ အမြဲတမ်းလေ့ကျင့်မှုဖြင့်သာ ရရှိနိုင်မည်ဖြစ်၍ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်အတွက် အသင့်ဖြစ်နေစေရေး ပြင်ဆင်ထားရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြစဉ်။

☆ တာဝန်ပေးအပ်ရာတွင်လည်း လူမှန်နေရာမှန်ဖြင့် မျှတစွာတာဝန်ပေးရန်လို

☆ တပ်မှူးများသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ဘဝလုံခြုံရေးကို တပ်မတော်၏ ညွှန်ကြားချက် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန် တာဝန်ရှိ၍ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပေးအပ်သောတာဝန်ကို နောက်ဆံမတင်းဘဲ ကျေပွန်စွာ ထမ်းဆောင်နိုင်မည်

☆ ထောက်ပံ့ပေးသည့် ရသင့်ရထိုက်သည်များ အချိန်မှန် ရရှိရန်မှာ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းတာဝန်များကို မလစ်ဟင်းအောင် ကြပ်မတ်နေရမည်

☆ သင်ကြားပေးသည့် စစ်ပညာများကို မေ့ထား၍မရဘဲ လက်တွေ့အသုံးချနိုင်ရန်လို

☆ ထိုသို့အသုံးချနိုင်ရန်မှာ အမြဲတမ်းလေ့ကျင့်မှုဖြင့်သာ ရရှိနိုင်မည်ဖြစ်၍ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အသင့်ဖြစ်နေစေရေး ပြင်ဆင်ထားရန်လို

### ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော် အကြီးအကဲအနေဖြင့် ရှေးယခင်ကပင် အားပေးချီးမြှောက်မှုများ ပြုလုပ်ခဲ့ပြီး ပညာရေးထောက်ပံ့မှုများ သတ်မှတ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထူးချွန်သူများကိုလည်း ချီးမြှင့်မြှောက်စားသကဲ့သို့ အဆင့်မြင့်ပညာရေးတွင် ထူးချွန်သူများကို မဟာတန်း၊ ပါရဂူတန်းများအထိ သင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ရရှိသည့် အခွင့်အရေးကို အမိအရဆုပ်ကိုင်ကာ အကျိုးရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် တပ်တွင်းနေမိသားစုသားသမီးများအနေဖြင့်လည်း အနည်းဆုံး KG+9 အောင်မြင်စေရန် သက်ဆိုင်ရာမိဘများသာမက တပ်ပိုင်းဆိုင်ရာဦးစီးဦးဆောင် ပြုနေသည့် တာဝန်ရှိသူများကပါ ကူညီပံ့ပိုးပေးကြရန် လိုအပ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ တပ်မတော်သားတို့၏ လုပ်ငန်းသဘောသဘာဝအရ ကျန်းမာကြံ့ခိုင်နေရန် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိသားစုအရေး၊ နိုင်ငံအရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်ဌာနချုပ်များတွင် လိုအပ်သော ဆေးမှူး၊ သူနာပြု၊ သားဖွားဆရာမများဖြင့် လုံလောက်စွာဖွဲ့စည်း၍ ဆေးဝါးကိရိယာများ ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ မိုးတွင်းကာလ မိုးရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ ကျန်းမာရေးအသိရှိစွာဖြင့် ကြိုတင်ကာကွယ်သွားရန်လိုကြောင်း၊ ကျန်းမာရေးအတွက် တစ်ဦးချင်းနှင့် မိသားစုအလိုက် ကိုယ်တိုင်ထိန်းသိမ်းဂရုစိုက်၍ နေထိုင်စားသောက်သွားကြရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

### စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၃ မှ

အသက် ၅ နှစ်နှင့် ၁၂ နှစ်အကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုတွင် အမ်းမြို့နယ်အနေဖြင့် ၆၄ ဒသမ ၅ ရာခိုင်နှုန်းသာပြီးစီးထား၍ ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ကြိုးပမ်း လုပ်ဆောင်ရန် လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် စီးပွားရေးကို ထိခိုက်မှုအပြင် အသက်အန္တရာယ်ပါ ထိခိုက်နိုင်သဖြင့် နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး အကြားအလပ်မရှိ ကာကွယ်ဆေးထိုးနှံပြီးစီးရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အားလုံးပူးပေါင်းပါဝင်ရန်ပြောလိုကြောင်း။

### ရာနှုန်းပြည့်နီးပါး တာဝန်ထမ်းဆောင်နေ

ပညာရေးကဏ္ဍတွင် အမ်းမြို့နယ်၌ ဆရာ ဆရာမ ရာနှုန်းပြည့်နီးပါး လုပ်ငန်းတာဝန် ထမ်းဆောင်နေသည်ကို တွေ့ရကြောင်း၊ ဆရာ ဆရာမများ၏ ကျောင်းသား ကျောင်းသူများအပေါ် ပညာသင်ကြားရန် စည်းရုံးနိုင်မှုကြောင့် ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်သင်ယူနေမှုအပေါ် အားရကျေနပ်စရာတွေ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ယခုထက် ပိုမိုကြိုးစားသွားရန် လိုကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း အနည်းဆုံး KG+ 9 ပြီးမြောက်စေရန် ရည်မှန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စက်သုံးဆီ၊ စားသုံးဆီနှင့် ပတ်သက်၍ စက်သုံးဆီဈေးနှုန်းမှာ ဖြစ်ပေါ်နေသော ကမ္ဘာ့အရေးအရာများကြောင့် ဈေးနှုန်းတည်ငြိမ်မှုမရှိသည်ကို ကမ္ဘာနှင့်တစ်ဝန်း ခံစားနေရကြောင်း၊ အလားတူ စားသုံးဆီမှာလည်း ဈေးမြင့်တက်မှုဖြစ်ပေါ်နေသဖြင့် မလိုအပ်ဘဲ မကုန်သင့်သည်များကို စိစစ်ချွေတာသုံးစွဲကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စားသုံးဆီဖူလုံရေးအတွက် နိုင်ငံအလယ်ပိုင်းတွင် နေကြာအပါအဝင် ဖြစ်ထွန်းမည့် ဒေသအလိုက် ဆီထွက်သီးနှံများ သီးထပ်အဖြစ် စိုက်ပျိုးရေး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းမှတစ်ဆင့် စားအုန်းဆီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်နေကြောင်း၊ ဒေသတစ်ခု၊ မြို့နယ်တစ်ခု စီးပွားရေးကောင်းမွန်ဖွံ့ဖြိုးတိုးတက်ရန် ဦးစီးဦးဆောင်သူများသည် အရေးကြီးကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ဟန်ချက်ညီ ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်အောင် စည်းရုံးဆွဲဆောင်နိုင်ရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မှသာ ဦးစီးဦးဆောင်သူများသည် ဒေသ၏ ယုံကြည်ကိုးစားမှုကို ရရှိလာမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်သူတို့၏ လိုအပ်ချက်အခက်အခဲများကို မှန်ကန်မြန်ဆန်စွာဖြင့် ဝန်ဆောင်မှုပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ကျန်းမာရေးနှင့် ပညာရေးကို အဓိက ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေ

☆ အမ်းမြို့နယ်၌ ဆရာ ဆရာမ ရာနှုန်းပြည့်နီးပါး လုပ်ငန်းတာဝန် ထမ်းဆောင်နေသည်ကို တွေ့ရ

☆ ဆရာ ဆရာမများ၏ ကျောင်းသား ကျောင်းသူများအပေါ် ပညာသင်ကြားရန် စည်းရုံးနိုင်မှုကြောင့် ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်သင်ယူနေမှုအပေါ် အားရကျေနပ်စရာတွေ့ရ

☆ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ယခုထက်ပိုမိုကြိုးစားသွားရန်လို

☆ ကျောင်းနေအရွယ်ကလေးတိုင်း အနည်းဆုံး KG+ 9 ပြီးမြောက်စေရန် ရည်မှန်းဆောင်ရွက်ကြရမည်

☆ ကျောဖုံးမှ

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကိုလည်းကောင်း ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁)၊ ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ဗလာစာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) မှ ဒုတိယဥက္ကဋ္ဌ(၁)ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၁၅

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက်ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန်ဖိတ်ခေါ်ခဲ့ရာ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။



အဆိုပါ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့်စာသားပါ ဆိုင်းဘုတ်များနှင့် နိုင်ငံတော်အလံငယ်များကို ကိုင်ဆောင်၍ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဘုန်းတော်ကြီးကျောင်းငါးကျောင်းအား အလှူတော်ငွေများ လှူဒါန်း

ပုသိမ် ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီးအတွင်း မေလဆန်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ဘုန်းတော်ကြီးကျောင်းငါးကျောင်း ပြိုကျပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးဆုံးရှုံးခဲ့သည့် ဘုန်းတော်ကြီးကျောင်းငါးကျောင်းကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန(ကိုယ်စား) ဧရာဝတီတိုင်းဒေသကြီးသာသနာရေးမှူး ဦးဖြိုးဇော်ဇော်က ဇွန် ၁၄ ရက်တွင် မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာ ဓမ္မဒီပကျောင်းတိုက်သို့ လှူဒါန်းငွေကျပ်သုံးသိန်း၊ ပန်းတနော်မြို့နယ်အတွင်းရှိ နတ်ဆယ်ကျေးရွာ သရက်တောကျောင်းတိုက်သို့ ငွေကျပ် ၁၅ သိန်း၊ ယင်းယိုကျေးရွာ ယင်းယိုဘုန်းတော်ကြီးကျောင်းတိုက်သို့ ငွေကျပ် တစ်သိန်း၊ ရွှေလေ့ကျေးရွာ ရွှေလေ့ဘုန်းတော်ကြီးကျောင်းတိုက်သို့ ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ပြီး မြန်အောင်မြို့နယ် သာသနာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးဇော်လင်းနိုင်က ကျောက်စရစ်ကုန်းကျေးရွာ သုဓမ္မဝတီဘုန်းတော်ကြီးကျောင်းသို့ ငွေကျပ် သိန်း ၂၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အမ်းမြို့နယ် စာတိုက်ရုံး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အမ်းမြို့နယ်ရုံး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အော်တို အိတ်ချိန်းရုံး၊ မြန်မာ့စာတိုက်လုပ်ငန်း၏ အမ်းမြို့နယ် စာတိုက်ရုံး၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အမ်းမြို့နယ်ရုံးသို့ ရောက်ရှိကာ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်တွင် ပါရှိသည့်အတိုင်း ပါတီနိုင်ငံရေးကင်းရှင်းကြရမည်ဖြစ်ကြောင်း၊ ကိုယ်စီတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး အတွက် ကျန်းမာရေးကို အထူးဂရုပြုကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အရေးပါသည့် စွမ်းအားစုတစ်ရပ် ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အဆင်မပြေမှုများရှိပါက အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် သတင်းပို့တင်ပြရန် ပြောကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

ကြေးမုံ



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး






**နေပြည်တော် ဇွန် ၁၅**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကိုယ်ခံပညာ အားကစားနည်းတစ်ရပ်ဖြစ်သည့် တိုက်ကွမ်ဒို အားကစားနည်းသည် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုး တိုးတက်စေသည့်အပြင် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှု စသည့်လူ့ကျင့်ဝတ်သိက္ခာများ တိုးတက်မှုကို များစွာ အထောက်အကူပြုကြောင်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၏ စည်းရုံးဆောင်ရွက်မှုများကြောင့် နှစ်အနည်းငယ်အတွင်း ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသာမက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း ထိုးဖောက်အောင်မြင်ခဲ့ပြီး 31st SEA Games ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခုရရှိခဲ့ကြောင်း၊ နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန်အားပေး ချီးမြှောက်နေသည့် အချိန်ကာလ ဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် မိမိတို့၏အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အနိုင်ရရှိစေရေး အားကစားစိတ်ဓာတ်အပြည့်ဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အသင်း အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒို အသင်းလိုက် (အမျိုးသား/ အမျိုးသမီး) ကကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒို (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း၊ အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၄ သင်း ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပ သွားမည်ဖြစ်ပြီး တိုက်ကွမ်ဒို အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဒေသ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေး




**နေပြည်တော် ဇွန် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဧရိယာစတုရန်းမိုင်ပေါင်း ၂၇၂၄ ကျော်နှင့် ဆည်၊ တာ၊ တမံနှင့်ကန်ပေါင်း(၃၂)ခုရှိကာ ရာသီဥတုမျှတ၍ မြေဆီသြဇာကောင်းမွန်သည့် နေပြည်တော်ကောင်စီနယ်မြေ၌ စိုက်ပျိုးမြေဧရိယာဧကေ သုံးသိန်းနှစ်သောင်းကျော်တွင် သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများအတွက်ပါ အခြေခံကောင်းများရှိနေကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ချောထုတ်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက်လည်း အခွင့်အလမ်းများစွာရှိနေကြောင်း၊ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရည်မှန်းချက်များအောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမောင်မောင်နိုင်က ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးနှင့် ဆက်စပ်ဆောင်ရွက်ပေးလျက်ရှိသည့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းလွယ်ကူမှု၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် နိုင်ငံတော်၏ Ease of Doing Business အဆင့် တိုးတက်လာရေးကို ရည်ရွယ်ဆောင်ရွက်နေမှုများ၊ နေပြည်တော်အတွင်း လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အီလက်ထရောနစ်တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှု (DICA Online Solution–DOSo) စနစ်၏ သရုပ်ဖော်ဗီဒီယိုကိုပြသပြီး နေပြည်တော်အတွင်း လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နွယ်ကလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဖြိုးကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသော နေပြည်တော်ကောင်စီနယ်မြေအတွင်း ကုန်ထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မည်ဆိုပါက ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်အနေဖြင့် ငါးနှစ်ခံစားခွင့်ရှိသည့် အားသာချက်များရှိကြောင်း၊ တရုတ်–မြန်မာစီးပွားရေးစင်္ကြံ(CMEC) နှင့် မဲခေါင်ဒေသခွဲ (GMS) စီးပွားရေးစင်္ကြံများပေါ်တွင် တည်ရှိခြင်း၊ ရေနှင့်လျှပ်စစ်မီးကောင်းမွန်ခြင်း၊ ကျေးလက်လုပ်သား အလွယ်တကူရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးသုတေသနနှင့် ပညာပေးဝန်ဆောင်မှုများ ချိတ်ဆက်နိုင်ခြင်း၊ ကုန်ကြမ်းထွက်ရှိရာဒေသများနှင့် အလွယ်တကူ ချိတ်ဆက်နိုင်ခြင်းအပြင် အစိုးရရုံးစိုက်ရာမြို့ဖြစ်သည့်အတွက် လိုအပ်သော ဆုံးဖြတ်ချက်နှင့် လုပ်ငန်းခွင့်ပြုချက်များရယူရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်သဖြင့် ရင်းနှီးမြှုပ်နှံသူများ ရွေးချယ်သင့်သည့် စီးပွားရေးအချက်အချာဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမား ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ်မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စ၊ အိန္ဒိယနိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံတွင် State-of-the-Art ဆေးရုံတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ပြန်လည်စတင်ရေးဆိုင်ရာကိစ္စ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းရာတွင် လျင်မြန်ချောမွေ့စေရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆေးသုတေသနလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ အိန္ဒိယနိုင်ငံတွင် ကျောက်ကပ်အစားထိုး၊ အသည်းအစားထိုးခွဲစိတ်ခြင်းများကဲ့သို့သော အဆင့်မြင့်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများကို မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းများ စေလွှတ်သင်ကြားနိုင်ရေးကိစ္စ၊ ကင်ဆာရောဂါ ဆေးကုသမှုလုပ်ငန်းများ ပိုမိုအားကောင်းစေရေး အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ အိန္ဒိယနိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် မိမိတို့ဘက်မှ ပံ့ပိုးပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း ဖွင့်လှစ်

**ပန်းတောင်း ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံး၏စီမံမှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ညီက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီ မိနစ် ၂၀ အထိ သင်တန်းနည်းပြဆရာ ခုနစ်ဦးဖြင့် ဇွန်၁၅ရက်မှ ၁၇ရက်အထိ သုံးရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။

**အောင်မြင့်(ပန်းတောင်း)**

# ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားမြေသြဇာ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇွန် ၁၅**

"ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ"သည် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများ စုစည်းဖွဲ့စည်းထားသော Consortium အဖွဲ့နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီသည့် ယူရီးယားမြေသြဇာများ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေသြဇာ ၇၅၀၀၀ တန်ခန့်ကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုရှိ မြို့နယ် ၁၃၆ မြို့နယ်မှ အရောင်းဆိုင် ၂၈၁ ဆိုင်တွင် ကြိုက်ရောင်း/ကြိုက်ဝယ်စနစ်ဖြင့် လက်ငင်းငွေချေဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချပေးမည့် ယူရီးယားမြေသြဇာများကို သက်ဆိုင်ရာကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ဝယ်ယူခွင့်လက်မှတ်များ အခမဲ့ရယူ၍ မြို့နယ်များရှိသက်ဆိုင်ရာအရောင်းဆိုင်များ၌ "ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေးဦးဆောင်ကော်မတီ"မှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများကို မြို့နယ်အလိုက် သတ်မှတ်ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန်အခက်အခဲရှိခဲ့လျှင်သော်လည်းကောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၁၀၀၀၃၅၊ သမဝါယမဦးစီးဌာန ဖုန်း-၀၆၇-၄၁၀၀၄၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၈၆၂၁ နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယူရီးယားမြေသြဇာများအတွက် ရည်ညွှန်းဈေးနှုန်းများ

၁၄-၆-၂၀၂၂

**50 Kg ပါ တစ်အိတ်ဈေးနှုန်းဖြစ်ပါသည်။**

| ကုန်ပစ္စည်း | ရန်ကုန်ဂိုဒေါင်ဈေး | ပဲခူး | | မန္တလေး | မကွေး | | မွန် | စစ်ကိုင်း | | ရန်ကုန် | | ရခိုင် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပဲခူး | ပြည် | | မကွေး | စလင်း/ပွင့်ဖြူ | မော်လမြိုင်/သထုံ | မုံရွာ | ရွှေဘို | သုံးခွ | ထန်းတပင် | စစ်တွေ | မောင်တော |
| ယူရီးယားမြေသြဇာ | ၈၆၀၀၀ | ၈၇၈၀၀ | ၈၈၆၀၀ | ၈၈၆၀၀ | ၈၉၀၀၀ | ၈၉၁၀၀ | ၈၈၈၀၀ | ၈၉၅၀၀ | ၈၉၈၀၀ | ၈၈၀၀၀ | ၈၆၅၀၀ | ၉၂၆၀၀ | ၉၉၄၀၀ |
| | | ကရင် | | ဧရာဝတီ | | ရှမ်း (အရှေ့) | | ရှမ်း (မြောက်) | | ရှမ်း (တောင်) | | | |
| | | ဘားအံ | လှိုင်းဘွဲ့ | ပုသိမ် | ဟင်္သာတ | ကျိုင်းတုံ | မိုင်းတုံ | လားရှိုး | ကျောက်မဲ | တောင်ကြီး | ကလော | မိုင်းပန် | |
| | | ၈၈၈၀၀ | ၈၉၃၀၀ | ၈၈၂၀၀ | ၈၈၁၀၀ | ၉၆၀၀၀ | ၁၀၀၈၀၀ | ၉၂၀၀၀ | ၉၀၁၀၀ | ၈၉၅၀၀ | ၈၈၈၀၀ | ၉၂၀၀၀ | |

**မှတ်ချက်** ။

(၁) ရန်ကုန်ဂိုဒေါင်ဈေး + ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ် + ကုန်တင် /ချ ခ + အမြတ်ငွေတို့ပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) ယူရီးယားမြေသြဇာဝယ်ယူသုံးစွဲသူတောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများ ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ ဝယ်ယူရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည် -

၀၆၇ - ၄၁၀၀၀၃၅ ( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန )

၀၆၇ - ၄၁၀၀၄၀ ( သမဝါယမဦးစီးဌာန )

၀၆၇ - ၄၁၈၆၂၁ ( ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန )

တိုင်းဒေသကြီး / ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း တိုင်ကြားနိုင်ပါသည်။

(၃) သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီပြီး ဝယ်ယူရန်အခက်အခဲရှိပါက မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီသို့ ချိတ်ဆက် သတင်းပို့ဝယ်ယူနိုင်ပါသည်။

**ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ခရိုင်/မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများအား တွေ့ဆုံ

မန္တလေး ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**မှာကြား**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ရာနှုန်းပြည့်ဖွင့်လှစ်နိုင်ရေး၊ စပါးနှင့် ဆီထွက်သီးနှံများ သတ်မှတ်ဧကအတိုင်းပြည့်မီအောင် စိုက်ပျိုးရေး၊ ဌာနအလိုက်တင်ပြသည့် ကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး၊ ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ မြေယာအသုံးချမှုများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအတိုင်း စနစ်တကျဆောင်ရွက်ရေး၊ လုပ်ငန်းများအား အတ္တမာနမထားဘဲ ပြည်သူများနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရေး၊ ဌာနအသီးသီးအလိုက် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရေးနှင့် အုပ်ချုပ်ရေးတာဝန်ယူထားသူများအနေဖြင့် မာန်မာနမထားဘဲ အားလုံးသော ဝန်ထမ်းများနှင့်ပူးပေါင်းပြီး မိမိဒေသတိုးတက်အောင်မြင်အောင် တာဝန်ရှိသူအဖြစ် ခံယူလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ဝန်ထမ်းအချင်းချင်းစာနာမှုရှိလာပြီး စိတ်လက်ချမ်းသာစွာ အလုပ်လုပ်လာမည်ဖြစ်ကာ လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်းတို့ကို မှာကြားသည်။

ဆက်လက်၍ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများက ဒေသအတွင်း ကျောင်းများဖွင့်လှစ်နိုင်မှုနှင့် ကျောင်းအပ်နှံပြီးစီးမှုများ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မြေယာကိစ္စရပ်များနှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တက်ရောက်လာသူများကို ထောက်ပံ့ငွေကျပ် ၂၆၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်းရှိ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ ဇုန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ညောင်နှစ်ပင် စိုက်ကွင်း အစည်းအဝေးခန်းမ၌ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဇုန်အလိုက် စီမံခန့်ခွဲရေးကော်မတီများ၊ အနီးကပ်ကြီးကြပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဇုန်စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ဇုန်(၁)၊ (၂)၊ (၃)တို့မှ တာဝန်ရှိသူများက ဇုန်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အထူးဇုန် (၁) ဟင်းသီးဟင်းရွက် လက်ကားဈေး တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ အထူးဇုန် (၁) စီမံခန့်ခွဲရေးကော်မတီရုံးကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အထူးဇုန် (၂) စီမံခန့်ခွဲရေးကော်မတီရုံး အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းရန်၊ ရုံးဝန်းကျင် မြက်ပင်ချုံနွယ်များ ရှင်းလင်းရန်နှင့် အပင်ကြီးများ အလင်းဖွင့်ရန် မှာကြားပြီး အထူးဇုန် (၂) အကွက်အမှတ် C-133 အတွင်း ဆောင်ရွက်ထားသော လျှော်ဖြူစိုက်ကွင်းနှင့် ကြက်မွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်သည် ရန်ကုန်မြို့တော်နေပြည်သူများ သား၊ ငါး၊ ဟင်းသီးဟင်းရွက်စားသောက်ကုန် ဖူလုံစေရေးအတွက် တစ်ယူနစ်လျှင် ငါးဧက အကျယ်အဝန်းရှိ မြေနေရာများဖော်ထုတ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အထူးဇုန် (၁) သည် ဧက ၃၇၈၀၊ အထူးဇုန် (၂)သည် ၄၉၀၁ ဧက၊ အထူးဇုန် (၃) သည် ၃၇၇၂ ဧက ကျယ်ဝန်းသည်။ ယခုအခါ စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်း အောင်မြင်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးကြပ်၍ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ (၂၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဓမ္မာရုံ၌ သံဃာတော် ကိုးပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကျောင်းနှစ်ပတ်လည်နေ့အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းအုပ်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကား ပြောကြားပြီး တစ်နှစ်တာအတွင်း သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိသူများ၊ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ကြားခဲ့သူများ၊ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခြင်းခံရသော ဆောင်းပါးရှင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## တို့ရင်ထဲက ပန်းအပေါင်း

❖ ပန်းကလေးတွေ လန်းဆန်းနေ
ရောင်စုံ ဖူးပွင့်ဝေ၊
ဝေပါပေတောင်း ဝေပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။

❖ ပန်းပေါင်းရောင်စုံ ပန်းရိပ်မြို
မွှေးပျံ့ ကြိုင်သင်းထုံ၊
ထုံပါပေတောင်း ထုံပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။

❖ ပန်းပေါင်းစုံလင် ပန်းသဘင်
ကိုယ်စီအလှ ယဉ်၊
ယဉ်ပါပေတောင်း ယဉ်ပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။

❖ ပန်းပေါင်းရွှန်းစို သစ်လွင်ပျို
ပန်းတိုင်း ဝတ်ရည်ချို၊
ချိုပါပေတောင်း ချိုပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။

❖ ပန်းပေါင်းဝေစည် ပန်းရွှေပြည်
ပန်းတိုင်း ပျော်ရွှင်ကြည်၊
ကြည်ပါပေတောင်း ကြည်ပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။

❖ ပန်းပေါင်းစုံစွာ မြူးဝင့်ကာ
ပန်းတိုင်း အေးချမ်းသာ၊
သာပါပေတောင်း သာပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။

❖ ပန်းပေါင်းစုံညီ စီရရီ
ပန်းတိုင်း အလှတည်၊
တည်ပါပေတောင်း တည်ပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။

❖ ပန်းပေါင်းဂုဏ်အင် မွှေးစေချင်
ယုယ မြတ်နိုးကြင်၊
ကြင်ပါပေတောင်း ကြင်ပေ့တောင်း
တို့ရင်ထဲက ပန်းအပေါင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ကျန်းမာရေးဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာခေါ်ယူလျက်ရှိခြင်းနှင့်ပတ်သက်၍ သိကောင်းစရာ အမေး/အဖြေများ

**ကျန်းမာရေးဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာခေါ်ယူလျက်ရှိခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-**

ထက်လျှံ

မေး။ ။ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကနေပြီး ဆရာဝန်များကို ခေါ်ယူနေလျက်ရှိကြောင်း သိရပါတယ်။ ဒါကြောင့် အလုပ်ဝင်ရောက်လိုတဲ့ ဆရာဝန်များအနေနဲ့ ဘယ်လိုလျှောက်ထားရမယ်ဆိုတာကို သိပါရစေ။

ဖြေ။ ။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကုသရေးဦးစီးဌာနကနေ ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန်(သစ်လွင်) ၉၈၆ နေရာနဲ့ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)ရ ဆရာဝန်(သွားနှင့်ခံတွင်း) ၈၂ နေရာ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနကနေ ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန်(သရုပ်ပြ) ၁၀၇ နေရာ၊ တိုင်းရင်းဆေးပညာတက္ကသိုလ်ကနေ ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန်(သရုပ်ပြ) ၁၃ နေရာဖြစ်ပြီး ဆေးပညာဘွဲ့(M.B.B.S)ရ ဆရာဝန် ၁၁၀၆ ဦးနဲ့ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့(B.D.S)ရ ဆရာဝန်(သွားနှင့်ခံတွင်း) ၈၂ ဦး စုစုပေါင်းဆရာဝန် ၁၁၈၈ ဦးကို ကျန်းမာရေးဝန်ကြီးဌာနမှာ နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် ခန့်ထားပေးနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၂ ခုနှစ် မေလ ၂၀ ရက်နေ့မှာ လျှောက်လွှာစတင်ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

ဒီလိုခေါ်ယူရာမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ထံ Online စနစ်ဖြင့် လျှောက်ထားနိုင်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြုကာ ၂၀၂၂ ခုနှစ် ဇွန်လ ၂၂ ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်လျှောက်ထားနိုင်ပါတယ်။

မေး။ ။ ဆရာဝန်တွေအနေနဲ့ အလုပ်ဝင်ရောက်ဖို့ လျှောက်ထားရာမှာ အခြားလိုအပ်ချက်တွေကို သိပါရစေခင်ဗျာ။

ဖြေ။ ။ ကျန်းမာရေးဝန်ကြီးဌာနမှာ အလုပ်ဝင်ရောက်ဖို့ လျှောက်ထားသူတွေအနေနဲ့ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၂၀-၆-၂၀၂၂ ရက်နေ့မှာ အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရပါမယ်။ ဆရာဝန်(သစ်လွင်)/ ဆရာဝန်(သရုပ်ပြ)နှင့် လက်ထောက်ဆရာဝန်ရာထူးများအတွက် ဆေးပညာဘွဲ့(M.B.B.S)နှင့် ဆရာဝန်(သွားနှင့်ခံတွင်း)ရာထူးအတွက် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့(B.D.S)နဲ့ မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရတဲ့ သက်တမ်းကုန်ဆုံးခြင်းမရှိသေးတဲ့ အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ/သခ) ကိုင်ဆောင်ထားသူ သို့မဟုတ် အလုပ်သင်ဆရာဝန် ပြီးမြောက်သူများအနေနဲ့ လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနဲ့အတူ ပူးတွဲပေးပို့ရပါမယ်။

မေး။ ။ နိုင်ငံ့ဝန်ထမ်းဆရာဝန်အဖြစ် အလုပ်ဝင်ရောက်ထမ်းဆောင်ခြင်းအားဖြင့် ရရှိလာမယ့်အကျိုးကျေးဇူးများကို သိပါရစေ။

ဖြေ။ ။ နိုင်ငံ့ဝန်ထမ်းဆရာဝန်အဖြစ် အလုပ်ဝင်ရောက်ထမ်းဆောင်ခြင်းအားဖြင့် အများပြည်သူအတွက် အကျိုးရှိစေခြင်း (ပရဟိတ)နဲ့ မိမိရဲ့ပညာရပ်ဆိုင်ရာ တိုးတက်မှုအခွင့်အလမ်းများ ရရှိစေခြင်း (အတ္တဟိတ) စတဲ့အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်တဲ့အပြင် ဆရာဝန်အဓိဋ္ဌာန်ပြုကတိသစ္စာအရ လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ကျန်းမာရေးကို မိမိ၏အရေးကဲ့သို့ ယူဆပြီး မိမိတို့တတ်မြောက်ထားတဲ့ဆေးပညာနဲ့ လူနာတွေရဲ့ခံစားနေရတဲ့ ရောဂါဝေဒနာတွေကို ပျောက်ကင်းသက်သာသည်အထိ ကုသပေးနိုင်တဲ့အတွက် ထားရှိတဲ့ကတိသစ္စာနဲ့အညီ ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြမှာလည်း ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝင်ရောက်လာမယ့် ဆရာဝန်များ သက်သာချောင်ချိရေး၊ ပြည်တွင်း/ပြည်ပဘွဲ့လွန်ပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ရေး၊ ဘဝတက်လမ်းအဆင်ပြေချောမွေ့စေရေးအတွက် အစီအမံများစွာကို ကြိုတင်စီစဉ်ထားပါတယ်။ ပထမဦးစွာ သစ်လွင်နိုင်ငံ့ဝန်ထမ်းဆရာဝန်တွေအနေနဲ့ သတ်မှတ်ဆေးရုံကြီးတွေမှာ လက်တွေ့လေ့ကျင့်သင်ကြားရင်း စတင်တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီး သူတို့ကို တာဝန်ချထားတဲ့အခါမှာ ၎င်းတို့ ဆန္ဒပြုရာဒေသ သို့မဟုတ် အနီးစပ်ဆုံးနေရာ/ဒေသရှိ ဆေးရုံတွေမှာ နေရာချထားပေးမှာဖြစ်ပါတယ်။ သတ်မှတ်ကာလပြည့်မြောက်တဲ့အခါမှသာ အခြားလုပ်ငန်းလိုအပ်ချက်ရှိတဲ့ ဆေးရုံတွေသို့ တာဝန်ထမ်းဆောင်ဖို့ စေလွှတ်မှာဖြစ်ပါတယ်။ ဒီလိုတာဝန်ထမ်းဆောင်ချိန်မှာလည်း ဝန်ထမ်းသက်သာချောင်ချိရေးအတွက် နိုင်ငံတော်က ပေးအပ်တဲ့လစာအပြင် ညဂျူတီနဲ့ စားစရိတ်အတွက် သတ်မှတ်ခွင့်ပြုချီးမြှင့်ငွေနဲ့ ဝန်ထမ်းအိမ်ရာတွေမှာ နေထိုင်ခွင့်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

> **ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှာ ဆရာဝန် (သရုပ်ပြ)အဖြစ် တာဝန်ထမ်းဆောင်မယ့် (သစ်လွင်) ဆရာဝန်တွေအနေနဲ့ ဆေးတက္ကသိုလ်တွေတည်ရှိရာ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး စတဲ့မြို့ကြီးတွေကို ဦးစားပေးပြီး တာဝန်ချထားပေးမှာဖြစ်လို့ အဲဒီနေရာတွေကို ဦးစားပေးပြီး လျှောက်ထားနိုင်ပါတယ်။**
>
> **ဒါ့အပြင် မိမိတို့တာဝန်ကျရာဒေသအသီးသီးမှာ နိုင်ငံ့တာဝန်တွေ ထမ်းဆောင်ပြီးတဲ့ ကိုယ်ပိုင်အချိန်တွေမှာ ကိုယ်ပိုင်ဆေးခန်း သို့မဟုတ် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းတွေမှာထိုင်ပြီး လူနာတွေကို ကုသစောင့်ရှောက်မှုတွေ ပေးနိုင်ကြမှာဖြစ်ပါတယ်**

ဆက်လက်ပြီး ပြည်တွင်းတွင် ဆေးပညာဘွဲ့လွန်ပညာရပ်တွေ ဆက်လက်ဆည်းပူးနိုင်ရေးအတွက် လုပ်သက်ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်တဲ့ ဘွဲ့လွန်ဆေးပညာမဟာသိပ္ပံသင်တန်း ၁၁ မျိုးဖြစ်တဲ့ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ စိတ်ကျန်းမာ ပညာ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုပညာ၊ အဏုမြူရောင်ခြည်ဆေးပညာနဲ့ မေ့ဆေးပညာတို့ကို ဝါသနာပါပြီး လေ့လာလိုက်စားသူတွေအတွက် စောစီးစွာ ဘွဲ့လွန်ဖြေကြားနိုင်တဲ့ အခွင့်အလမ်းတွေ ရရှိကြမှာဖြစ်ပါတယ်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေနဲ့ ၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင်ဖွင့်လှစ်မယ့် ဘွဲ့လွန် ဆေးပညာသင်တန်း ၁၄၀ အထိရှိတာကိုသိရှိရပြီး ဒီပလိုမာသင်တန်း ၁၆ မျိုး၊ ဆေးပညာမဟာသိပ္ပံသင်တန်း ၃၃ မျိုး၊ ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံသင်တန်း သုံးမျိုး၊ ဆေးဝါးမဟာသိပ္ပံသင်တန်း လေးမျိုး၊ သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်း ၁၀ မျိုး၊ သူနာပြုမဟာသိပ္ပံသင်တန်း ကိုးမျိုး၊ ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) တစ်မျိုး၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၄၁ မျိုး၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်း ခုနစ်မျိုး၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်း ရှစ်မျိုး၊ ဆေးဝါးသိပ္ပံပါရဂူဘွဲ့ သင်တန်း လေးမျိုး၊ သူနာပြုပါရဂူဘွဲ့သင်တန်း တစ်မျိုး၊ ဆေးဘက်ဆိုင်ရာ နည်းပညာပါရဂူဘွဲ့သင်တန်း သုံးမျိုးတို့ ပါရှိတာဖြစ်လို့ ဆေးပညာမဟာသိပ္ပံဘွဲ့တွေကနေ ပါရဂူဘွဲ့တွေ ရရှိတဲ့အထိ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆက်လက်ပြီး အဆင့်ဆင့်တက်ရောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ပဆေးပညာဆိုင်ရာ ဘွဲ့လွန်သင်တန်းတွေဖြစ်တဲ့ မဟာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းတွေကို တက်ရောက်မယ့်သူနှင့် ကာလတို၊ ကာလရှည်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအမျိုးမျိုးကို တက်ရောက်လိုသူတွေကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စေလွှတ်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် MRCP ကဲ့သို့ Membership Status စာမေးပွဲတွေ ဝင်ရောက်ဖြေဆိုခွင့်ပြုခြင်းနှင့် Membership ရယူနိုင်ရန် နိုင်ငံခြားသို့စေလွှတ်ပေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးလျက်ရှိရာမှာ ပြည်တွင်း/ပြည်ပကနေ ဘွဲ့လွန်ရရှိပြီးသူတွေကို သက်ဆိုင်ရာဘွဲ့ဒီဂရီအလိုက် ပညာရှင်ချီးမြှင့်ငွေတွေကို ပေးအပ်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံခြားသို့ အစည်းအဝေးတွေတက်ရောက်နိုင်ရန် စေလွှတ်ပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှာ ဆရာဝန် (သရုပ်ပြ)အဖြစ် တာဝန်ထမ်းဆောင်မယ့် (သစ်လွင်)ဆရာဝန်တွေအနေနဲ့ ဆေးတက္ကသိုလ်တွေတည်ရှိရာ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီးစတဲ့ မြို့ကြီးတွေကို ဦးစားပေးပြီး တာဝန်ချထားပေးမှာဖြစ်လို့ အဲဒီနေရာတွေကို ဦးစားပေးပြီး လျှောက်ထားနိုင်ပါတယ်။

ဒါ့အပြင် မိမိတို့တာဝန်ကျရာဒေသအသီးသီးမှာ နိုင်ငံ့တာဝန်တွေ ထမ်းဆောင်ပြီးတဲ့ ကိုယ်ပိုင်အချိန်တွေမှာ ကိုယ်ပိုင်ဆေးခန်း သို့မဟုတ် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းတွေမှာ ထိုင်ပြီး လူနာတွေကို ကုသစောင့်ရှောက်မှုတွေ ပေးနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် ဆရာဝန်တွေအနေနဲ့ ဆေးတက္ကသိုလ်တွေရဲ့ အမှတ်တံဆိပ်မှာပါရှိပြီး လိုက်နာကျင့်ကြံရမယ့် ဆရာဝန်ကျင့်ဝတ်ဖြစ်တဲ့ "ဥပဋ္ဌာန် အနုကမ္ပာ ဒယာ" ဆရာဝန်တစ်ဦးဖြစ်သော ကျွန်ုပ်သည် ဝေဒနာရှင်လူနာအား ဥပဋ္ဌာန် - စိတ်ရောကိုယ်ပါ ယုယုယယ ပြုစုကုသပါမည်၊ အနုကမ္ပာ - ကိုယ်ချင်းစာတရား လက်ကိုင်ထားလျက် ပြုစုကုသပါမည်၊ ဒယာ - လူလူချင်း ညှာတာထောက်ထားသော အသိဖြင့် ပြုစုကုသပါမည် ဟူသည့်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လျက်ရှိသည့် မိမိတို့တိုင်းရင်းသားပြည်သူတွေကို ထိရောက်စွာကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးအပ်နိုင်ရေးနဲ့ မိမိတို့ရဲ့ ဘဝတက်လမ်းနဲ့ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုတွေ အဆင့်ဆင့်တိုးတက်ရရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဆရာဝန်တွေအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းဆိုင်ရာလိုအပ်ချက်များ ဆန်းစစ်သည့်အစီအစဉ် ကျင်းပ

**ဘားအံ ဇွန် ၁၅**

ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုအပ်ချက်များဆန်းစစ်သည့်အစီအစဉ်ကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ရိုးမဟာကျေးရွာ ဆုတောင်းပြည့်ဇမ္ဗူလင်းစေတီတော် ဓမ္မသာရဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစန်းကိုက အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစန်းကိုအားလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစန်းကိုက တက်ရောက်လာသော ရှမ်းနှင့်ကရင်စာပေ ယဉ်ကျေးမှုအသင်းများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအားလည်းကောင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များ၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဥပဒေများနှင့် ရှေ့လုပ်ငန်းစဉ်မဟာဗျူဟာများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ဦးစီးအရာရှိဦးကျော်ကျော်လွင်က စစ်တမ်းလွှာများ ဖြည့်စွက်မှုအခြေအနေနှင့် အမုန်းစကား၊ အကြမ်းဖက်မှုလှုံ့ဆော်ရေး တားဆီးကာကွယ်ခြင်းကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ရိုးမဟာကျေးရွာ ဒေသခံတိုင်းရင်းသားပြည်သူများက စစ်တမ်းလွှာများ ဖြေဆိုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မဲဆန္ဒရှင်တစ်ဦးသိမှတ်ဖွယ်

ရွှေဇာမြေစိုးမိုး

## နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့်နောက်မှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြရပါသည်။ ထိုသို့ ဆန္ဒမဲပေးခဲ့ကြရသော်လည်း လူအများစုမှာ မဲဆန္ဒရှင်တစ်ဦးအနေဖြင့် နည်းလမ်းတကျ မည်သို့မဲပေးရမည်ကို သေသေချာချာနားမလည်ခဲ့ကြပေ။ ထိုသို့သောအခြေအနေများကြောင့် ကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်တွင် ပယ်မဲ ၁၄၁၁၉၈၂ မဲ၊ အမျိုးသားလွှတ်တော်တွင် ပယ်မဲ ၁၁၃၇၃၁၄ မဲ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ပယ်မဲ ၁၀၁၈၈၀၀ ရှိခဲ့ကြောင်း သိရပါသည်။ လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးအနေဖြင့် မိမိတို့၏အသည်းကြားမှ ထွက်ပေါ်လာသော မဲတစ်ပြားသည် နိုင်ငံတော်အတွက် အကျိုးရှိစေရန်အတွက် မဲဆန္ဒရှင်တစ်ဦး လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းပြလိုပါသည်။

## မဲပေးပိုင်ခွင့်ရှိသူ

ရွေးကောက်ပွဲစတင်ကျင်းပမည်ဟု ကြေညာသောရက်တွင် အသက် (၁၈) နှစ် ပြည့်ပြီးသူတစ်ဦးဖြစ်ရမည့်အပြင် နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်တစ်ခုခုကို ကိုင်ဆောင်ထားသူဖြစ်ရပါမည်။ ၎င်းမဲဆန္ဒရှင်သည် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်တွင် အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆) ဖြင့် နေထိုင်သူတစ်ဦးလည်းဖြစ်ရပါမည်။ ၎င်းအပြင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု၏ မဲဆန္ဒရှင်အမည်စာရင်းတွင် ပါဝင်နေရမည်ဖြစ်ပါသည်။ ထိုသို့ပါဝင်နေပြီဆိုလျှင် မဲပေးပိုင်ခွင့်ရပြီးလား၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဟုတ်မဟုတ် သိရှိထားရန်လိုအပ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများမှာ–

**(က) သာသနာ့ဝန်ထမ်း။** ကမ္ဘာပေါ်တွင် ကိုးကွယ်သောဘာသာကြီး လေးခုရှိသည်တွင် ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ တို့ဖြစ်ပြီး သာသနာရေးဆိုင်ရာ ရဟန်း သို့မဟုတ် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူထားသူများနှင့်လည်း သက်ဆိုင်စေရမည်ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကိုဆက်ကပ်ပြီးသောပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသောပုဂ္ဂိုလ်များနှင့် မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်း သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသော ပုဂ္ဂိုလ်တစ်စုတွင် သို့မဟုတ် အဖွဲ့အစည်းတွင်ပါဝင်သည့် ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။ ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် ဂုရု (Guru) (တရားပြပုဂ္ဂိုလ်)၊ ပဏ္ဍိတ (ဟိန္ဒူဒဿနပညာရပ်များတွင် အထူးနားလည်ကျွမ်းကျင်သူ)၊ မဟန့် (ဘာသာရေးပုဂ္ဂိုလ်)၊ စံညာစီ (ဘာသာရေးပုဂ္ဂိုလ်)၊ စံညာစိနီ (အမျိုးသမီးသူတော်စင်)၊ ဆာဒူး၊ ဆာဒ်ဝီ (သီလရှိသော အမျိုးသမီး)၊ ဆွာမိ၊ ဆွာမိနီ (ဘာသာရေးပုဂ္ဂိုလ် သို့မဟုတ် သန့်ရှင်းမွန်မြတ်သောပုဂ္ဂိုလ်) တို့ဖြစ်ကြောင်း သိရှိရပါသည်။ အစ္စလာမ်ဘာသာဝင်များအတွက်ဖြစ်လျှင် မော်လဝီ (ဆွန်နီမွတ်စလင်ဘာသာရေးဆရာ)၊ ဟာဖိဇ် (Huffaz)၊ ဟာဖိဇာ (Hafiza) (ကိုရမ်ကျမ်းတစ်ခုလုံးကို နှုတ်တိုက်အာဂုံဆောင်မှတ်မိထားသော အစ္စလာမ်ဘာသာဝင် အမျိုးသား/ အမျိုးသမီး)၊ အီမန် (Imam) (အစ္စလာမ်ဝတ်ပြုမှုများတွင် ခေါင်းဆောင်သောပုဂ္ဂိုလ်)၊ မုဖ်သီ (Mufti) (ဘာသာရေးဆိုင်ရာ ဥပဒေအကြံပြုချက်များကို ပေးရသောပုဂ္ဂိုလ်)၊ မုဖတ်စိရ်(Mufassir) (ကိုရမ်ကျမ်းကို အဓိပ္ပာယ်ဖွင့်ဆိုရသောပုဂ္ဂိုလ်)၊ အိုလမာ (Ulama) (အစ္စလာမ်ဘာသာနှင့်ပတ်သက်သည့် ဗဟုသုတအသိအမြင်များ ကြွယ်ဝစွာသိမြင်ထားသော ပုဂ္ဂိုလ်) ပီရ် သို့မဟုတ် မရှာအိခ် (Pir or Mashaikh) (မူဆလင်ဘာသာတိုးတက်ပြန့်ပွားမှုကို အဓိကထားဆောင်ရွက်သောသူများ) တို့ ဖြစ်ကြောင်း သိရှိရပါသည်။

**(ခ) ထောင်ဒဏ်ကျခံနေရသူ။** တရားရုံးတစ်ခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူကို ဆိုပါသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာတရားရုံး၏ ထောင်ဒဏ်စီရင်ချက်ကို မကျေနပ်၍ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားသော ထောင်ဒဏ်ကျခံနေရဆဲဖြစ်သူလည်း ပါဝင်ပါသည်။

**(ဂ) စိတ်ပေါ့သွပ်သူ။** စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူဖြစ်ပါသည်။

> **မဲစာရင်းတွင်ပါဝင်နေသော မဲဆန္ဒရှင်တစ်ဦး၏အချက်အလက်များကို ပြင်ဆင်လိုပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာကို မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။ မဲစာရင်းနှင့်စပ်လျဉ်း၍ တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ဆောင်ရွက်ရမည်**

**(ဃ) လူမွဲအဖြစ်ကြေညာခြင်းခံထားရသူ။** လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူဖြစ်ပါသည်။

**(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခံရသူ၊**

(စ) **နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူ**တို့သည် မဲဆန္ဒပေးပိုင်ခွင့် မရှိသူများဖြစ်ပါသည်။

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်

အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့ရက်များ ကြေညာပြီးသည့်နောက်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက သတ်မှတ်ချက်များနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့နှင့် ညှိနှိုင်းပြုစုထားသည့် မဲဆန္ဒရှင်စာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။ ထိုသို့ကြေညာသည့်အခါ မိမိ၏ အမည်စာရင်းသည် မဲစာရင်းတွင်ပါဝင်မှု ရှိ/ မရှိစစ်ဆေးကြည့်ရှုရမည်မှာ မဲဆန္ဒရှင်များ၏တာဝန်ပင်ဖြစ်ပါသည်။ ထိုသို့ မဲဆန္ဒရှင်စာရင်းအားသွားရောက်ကြည့်ရှုရာတွင် မိမိ၏ အမည်ပါဝင်ခဲ့ခြင်းမရှိလျှင်၊ မိမိသည် ၎င်းရပ်ကွက်၊ ၎င်းကျေးရွာအုပ်စုအတွင်းတွင် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) ဖြင့် နေထိုင်သူတစ်ဦးဖြစ်ပါက မဲစာရင်းတွင် မိမိအမည်စာရင်းထည့်သွင်းပေးရန် တောင်းဆိုလွှာ သတ်မှတ်ပုံစံ (၃) ဖြင့် မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တောင်းဆိုရပါမည်။ ထိုတောင်းဆိုလွှာ လက်ခံရရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် စနစ်တကျ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) ဖြင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက မဲစာရင်းတွင် ထည့်သွင်းပေးပါရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်တင်ပြရမည် ဖြစ်ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် တင်ပြလာချက်အပေါ်စိစစ်၍ မှန်ကန်ပါက မဲစာရင်းတွင် ထည့်သွင်းဖော်ပြပေးရမည် ဖြစ်ပါသည်။

မိမိအမည်စာရင်းပါရှိသော မဲစာရင်းတွင် ပါဝင်နေသူတစ်ဦးဦး၏ အမည်စာရင်းပါဝင်နေမှုကို ကန့်ကွက်လိုပါက သတ်မှတ်ပုံစံ (၄) ဖြင့် ကန့်ကွက်လွှာကို မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် တင်ပြလာသော ကန့်ကွက်လွှာအားစိစစ်၍ စိစစ်တွေ့ရှိချက်အစီရင်ခံစာနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရပါမည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် တွေ့ရှိတင်ပြချက်အရ မဲဆန္ဒရှင်စာရင်းမှ ပယ်ဖျက်ခြင်း၊ လက်ရှိအတိုင်းထားရှိခြင်းတို့ကို စီမံဆောင်ရွက်ရမည် ဖြစ်ပါသည်။

မဲစာရင်းတွင်ပါဝင်နေသော မဲဆန္ဒရှင်တစ်ဦး၏ အချက်အလက်များကို ပြင်ဆင်လိုပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာကို မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။ မဲစာရင်းနှင့်စပ်လျဉ်း၍ တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်၏မဲစာရင်းမှ အခြားမဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းသို့ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၆(၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးထားသော ပုံစံ (၁၀) သို့မဟုတ် ပုံစံ (၉၀/၁/နသ) နှင့်အတူ လက်ရှိ မဲဆန္ဒနယ်စာရင်း၌ မိမိ၏အမည်ကိုပယ်ဖျက်၍ အခြားဒေသ၏ မဲစာရင်းသို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရပါမည်။ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲကခွင့်ပြု၍ ၎င်းမဲဆန္ဒရှင်၏အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သော ပုံစံ (၄-ခ) ကို ထုတ်ပေးပါလိမ့်မည်။ ၎င်းမဲဆန္ဒရှင်သည် မိမိပြောင်းရွှေ့နေထိုင်သည့်ဒေသ၏ မဲစာရင်းတွင် မိမိ၏အမည်စာရင်း ထည့်သွင်းပေးပါရန် ပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေပုံစံ (၆၆/၆) နှင့် ပုံစံ(၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ (၂၁) ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်း၍ မဲစာရင်းတွင်ထည့်သွင်းပါဝင်ခွင့်ရမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အမည်သည် မြို့နယ်တစ်မြို့နယ်ထက်ပိုသော မဲစာရင်းတွင်လည်းကောင်း၊ မြို့နယ်တစ်ခုအတွင်းတွင်ရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုထက်ပိုသော မဲစာရင်းများတွင်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ရှိသည့် မြို့နယ်/ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်းဖြင့်သာ ဆန္ဒမဲပေးရမည် ဖြစ်ပါသည်။ အခြားမြို့နယ်/ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင်ပါဝင်နေကြောင်း သိရှိရပါက မိမိအမည်ကို ပယ်ဖျက်ပေးရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ပုံစံ (၄-က) ဖြင့် လျှောက်ထားရပါမည်။

## မဲပေးခြင်းနည်းလမ်းများ

ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင် လည်းကောင်း၊ မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမ အရင်းတစ်ဦးဦးက ဆန္ဒမဲပေးသူ၏ ညွှန်ကြားချက်အတိုင်း သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုရပါမည်။ ၎င်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးက ဆောင်ရွက်ပေးရပါမည်။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။ ရွေးကောက်ပွဲကျင်းပသောနေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သော အသက်အရွယ်ကြီးရင့်သူများ၊ အနာကြီးရောဂါ စွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူ၊ နေအိမ်တွင် မီးဖွားနေသူ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသောအတွင်းလူနာများ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ခရီးသွားရန်ရှိသူများ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ပြင်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်း၊ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များသည် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်သူများ ဖြစ်ကြပါသည်။

မဲဆန္ဒနယ်ပြင်ပတွင် ရောက်ရှိသော ကျောင်းသားများ၊ မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသော အတွင်းလူနာများသည်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်သူများဖြစ်ကြပါသည်။

စာမျက်နှာ ၁၁ သို့ ❐

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ၁၇-၆-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၀၆:၀၀ အချိန်၌ ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ၁၇-၆-၂၀၂၂ ရက်နေ့ နံနက် ၄ နာရီတွင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည် ဖြစ်ပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှအသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ သက်ဆိုင်ရာစာစစ်ဌာနများတွင် အောင်စာရင်းကြည့်ရှုရန် လာရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိဘပြည်သူများက ပူးပေါင်းဆောင်ရွက်ကူညီပေးကြပါရန် ပန်ကြားအပ်ပါသည်။

၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် ၀၁ - ၆၅၃၅၀၉ နှင့် ၀၉ - ၄၃၁၄၀၂၂၆ တို့ထံသို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ၁၇-၆-၂၀၂၂ ရက်နေ့ (သောကြာနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

---

*** ရွှေအောင်လံမှ**

စောဒါဝိတ်၊ နက္ခမင်း၊ ဖွဲ့ရာမာန်၊ သက်ဝင်းအောင်၊ ကိုကိုအောင်၊ ဆလိုင်းချမ်းမြေ့ကို၊ ၆၇ ကီလိုတန်းတွင် ကမ္ဘာကျော်၊ ဟံသာဝတီ၊ ကမ္ဘာရှား၊ မင်းထူးထူး၊ စောမင်းမင်း၊ မာန်မင်းအောင်၊ ကိုနိုင်း၊ စောရေထူး၊ ၇၀-၇၁ ကီလိုတန်းတွင် ဖိုးလပြည့်၊ မင်းထက်အောင်၊ စောမင်းအောင်၊ ကြယ်ကြီးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စိန်ခေါ်ပွဲများတွင် ထက်နိုင်အောင်နှင့် ယူကလိန်းအောင်၊ မိုးမှောင်နှင့် အောင်မင်းထွန်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သုံးမိနစ်လေးချီ စိန်ခေါ်ပွဲစဉ်နှစ်ပွဲ ပါဝင်မည်**

ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားမည့်နေ့တွင် သုံးမိနစ်လေးချီ စိန်ခေါ်ပွဲစဉ်နှစ်ပွဲ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲပုံစံမှာ ရွှေအောင်လံပွဲစဉ်ဖြစ်သည့်အလျောက် အလဲထိုးနှင့် အမှတ်ပေးနည်းစနစ်ကို ကျင့်သုံးမည်ဖြစ်ပြီး အမှတ်ပေးမှုမှာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိဒိုင်လူကြီးများက ဆုံးဖြတ်အမှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။




ဝိတ်တန်းအလိုက် ပါဝင်ယှဉ်ပြိုင်ကြမည့် ကစားသမားများမှာလည်း မြန်မာပြည်အနှံ့မှ ရိုးရာလက်ဝှေ့ကစားသမားများဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအလိုက် အောင်မြင်မှုများရရှိထားသည့် မျိုးဆက်သစ် ရွှေအောင်လံဆုရှင်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြု ချန်ပီယံဆုရှင်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ယှဉ်ပြိုင်မည့် ဝိတ်တန်းများကို ကွာတားဖိုင်နယ်မှ စတင်ကာ နိုင်တက်၊ ရှုံးထွက်စနစ်ကို ကျင့်သုံးပြီး အလဲထိုးဖြင့် ပွဲစဉ်မပြတ်ပါက အမှတ်ပေးစနစ်ဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

**ရုံဝင်ကြေး**

SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး၏ ပွဲစဉ်အားလုံးကို "SKYNET SPORTS-4"၊ "SKYNET SPORTS-HD" ရုပ်သံလိုင်းတို့တွင် တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည့်အပြင် သိမ်ဖြူလက်ဝှေ့အားကစားရုံသို့ လာရောက်ကြည့်ရှုသူများအနေဖြင့် ရုံဝင်ကြေးလက်မှတ်ခ ငွေကျပ် ၅၀၀၀၊ ငွေကျပ် ၁၀၀၀၀ နှင့် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း - နေစိုး**
**ဓာတ်ပုံ - ကိုရဲ**

---

## ညောင်တုန်းမြို့နယ်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ညောင်တုန်း ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ ညနေ ၄ နာရီက ဆားမလောက်ကျေးရွာ ကွင်းအမှတ်(၃၈၂)၊ ဦးပိုင်အမှတ်(၁၅၃/၂)ရှိ တောင်သူ ဦးကျော်ဇောလင်းနှင့် တောင်သူခြောက်ဦးတို့၏ လယ်မြေဧက ၅၀ တွင် ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက သစ်စိမ်းမြေသြဇာထည့်သွင်းခြင်း အကျိုးကျေးဇူးများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ၊ မိုးစပါးသီးနှံအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်မြင့်မားရေးနည်းလမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို တက်ရောက်လာကြသည့် တောင်သူများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) တစ်ကေလျှင် ၁၁ ဒသမ ၅ တန်ခန့် ထည့်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**ထက်ဝေဖြိုး(ပြန်/ဆက်)**

---

❐ စာမျက်နှာ ၁၀ မှ

ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများသည်လည်း နိုင်ငံခြားကြိုတင် ဆန္ဒမဲပေးနိုင်သူများဖြစ်ကြပါသည်။

မဲဆန္ဒနယ်ပြင်ပတွင် ရောက်ရှိနေသော အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များသည် အမြဲတမ်းနေရပ်ရှိ မဲစာရင်းဖြင့် ထိုမဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးလိုပါက မိမိတို့၏ အမြဲတမ်းနေရပ်သို့သွားရောက်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မတိုင်မီ သက်မှတ်ရက်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်။ ၎င်းအပြင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိ၏အမြဲတမ်းနေရပ်ရှိ သတ်မှတ်ထားသည့် မဲရုံတွင် ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးနိုင်ပါသည်။

**မဲရုံတွင်မဲပေးခြင်း**

မဲဆန္ဒရှင်တစ်ဦးသည် မဲရုံသို့လာရောက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ် တစ်မျိုးမျိုးပါရှိလာရမည်ဖြစ်ပါသည်။ မဲရုံရှေ့သို့ ရောက်ရှိစဉ်တွင် မဲရုံရှေ့ရှိ မဲစာရင်းများ ကပ်ထားသည့်စာရင်းတွင် မိမိတို့၏ မဲစာရင်းအမှတ်စဉ်ကို ကြည့်ရှုမှတ်သားကြရမည်ဖြစ်ပါသည်။ မဲရုံအတွင်းသို့ ရောက်ရှိစဉ်တွင် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်တစ်မျိုးမျိုးကို မဲရုံရှိ မဲစာရင်းစစ်ဆေးသူအားပြသပြီး ဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်ထုတ်ယူရပါမည်။ ၎င်းဆန္ဒမဲလက်မှတ်တွင် မဲရုံမှူးလက်မှတ် ပါ/မပါ စစ်ဆေးရပါမည်။ ၎င်းနောက် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရပါမည်။ မဲပုံးထဲသို့ထည့်ရမည့် ဆန္ဒမဲလက်မှတ်တွင် မဲရုံမှူး၏ လက်မှတ်နှင့် လေးထောင့်အကွက်အတွင်း မဲဆန္ဒရှင်ဆန္ဒပြုထားသော အမှတ်အသားမှတစ်ပါး အခြားမည်သည့် အမှတ်အသားမျှ မပါဝင်စေရပါ။ လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးရမည်။ တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲမပေးရပါ။ ဆန္ဒမဲပေးခြင်းအားလုံးပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် တာဝန်ရှိသူက ညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင် သက်သေခံလက်မှတ် ( Voter Slip ) ဖြင့် မဲပေး၍ မရပါ။

**ပယ်မဲအမျိုးအစားများ**

မဲဆန္ဒရှင်တစ်ဦးသည် မိမိတို့ဆန္ဒပြုသော မဲလက်မှတ်သည် ပယ်မဲဖြစ်နိုင်၊ မဖြစ်နိုင် သိရှိထားရန်လိုအပ်ပါသည်။ ပယ်မဲအဖြစ်သတ်မှတ်ထားသော မဲလက်မှတ်များမှာ -

ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊ မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုထားခြင်းမှာ မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊ ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်၊ ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များပင်ဖြစ်ပါသည်။

**မဲပေးရာတွင် သတိပြုရမည့်အချက်များ**

မိမိထုတ်ယူထားသော မဲလက်မှတ်ကို သက်ဆိုင်ရာ မဲပုံးတွင်ထည့်ခဲ့ရန် အရေးကြီးပါသည်။ မဲရုံအပြင်သို့ မဲလက်မှတ်ပါသွားခဲ့လျှင် ရွေးကောက်ပွဲပြစ်မှုမြောက်သဖြင့် အရေးယူခံရမည်ဖြစ်ပါသည်။ မည်သည့်ပါတီ/ မည်သည့်ကိုယ်စားလှယ်လောင်းအား မဲပေးခဲ့ပါသလဲဟုမေးလျှင် ဖြေဆိုရန်မလိုပါ၊ မိမိကိုယ်တိုင်လည်း မည်သည့်ပါတီ/ ကိုယ်စားလှယ်လောင်းကို မဲထည့်ခဲ့ကြောင်း အများကြားအောင် မပြောရပါ။ ထိုသို့ပြောဆိုပါက မဲဆွယ်စည်းရုံးရာရောက်ပြီး ရွေးကောက်ပွဲပြစ်မှုမြောက်သဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မဲပေးရာတွင် ရှောင်ရန်အချက်များ**

ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို အခြားသူတစ်ဦးအား မပေးရ၊ ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ၊ အခွင့်အာဏာမရှိဘဲ မဲပုံးကို ဖွင့်လှစ်ခြင်း၊ မဲလက်မှတ်များကို ဖျက်ဆီးခြင်းမပြုရ၊ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ ဆန္ဒမဲမပေးရ၊ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက် ပို၍ဆန္ဒမဲမပေးရ၊ သူတစ်ပါး အယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တောင်းဆိုခြင်း၊ ဆန္ဒမဲပေးခြင်းမပြုရ၊ မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်းမပြုရ၊ ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ၊ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ မထည့်သွင်းရ၊ မဲပေးပြီးသည့်အခါ လက်ချောင်းတစ်ချောင်းချောင်းကို မင်တို့ရန် ငြင်းဆန်ခြင်း သို့မဟုတ် တမင်ပျက်ကွက်ခြင်း မပြုရပါ။ မည်သူမဆို အထက်ပါအကြောင်းအရာ တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ်တစ်သိန်းချမှတ်ခံရမည်။ ငွေဒဏ်မပေးဆောင်ပါက ထောင်ဒဏ် (၁၄)ရက် ချမှတ်ခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**နိဂုံး**

လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိအမည်ပါရှိစေရေးကို အဓိကထား ဆောင်ရွက်ရမည့်အပြင် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ မိမိအမည်စာရင်းပါဝင်ခဲ့လျှင်လည်း မိမိတို့နေထိုင်ရာဒေသမှလွဲ၍ ကျန်မဲဆန္ဒနယ်ရှိ အမည်စာရင်းကို ပယ်ဖျက်ရမည်ဖြစ်ပါသည်။ ထိုသို့ မဆောင်ရွက်ခဲ့လျှင် အခြားသူတစ်ဦးဦးက ကိုယ်စားဝင်ရောက်မဲပေးခဲ့ပါက မဲနှစ်ကြိမ်ပေးခြင်းဖြစ်နိုင်သဖြင့် အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း သတိပြုကြရန်လိုပါသည်။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များဖြင့် အရေးယူမခံရစေရေးအတွက် မဲဆန္ဒရှင်များ အလေးထား ဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၇ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိပြီး (၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၉၆,၃၃၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၄၆၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၄၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄-၆-၂၀၂၂) ရက်နေ့ အထိ လူဦးရေစုစုပေါင်း (၃၄,၃၄၅,၀၇၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၇,၀၂၂,၀၆၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူ (၂၇,၃၂၃,၀၀၇) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီး သူ (၂,၃၂၅,၂၃၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၄-၆-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၆၃,၉၉၃,၃၀၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူ များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ် ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၁၅) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၅၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၂၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၈၃) ခု | (၂)ဦး |
| စုစုပေါင်း | (၅,၈၂၃) ခု | (၄)ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၄-၆-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၇,၀၂၂,၀၆၃) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၇,၃၂၃,၀၀၇) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၂,၃၂၅,၂၃၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၄,၃၄၅,၀၇၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၆၃,၉၉၃,၃၀၈) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၅၄၉၅၆၃ | ၈၃၃၃၉၆၈၀ | ၁၀၃၆၄၈၃ |
| ၂။ | အိန္ဒိယ | ၄၃၂၄၅၅၁၇ | ၄၂၆၆၇၀၈၈ | ၅၂၄၇၉၂ |
| ၃။ | ဘရာဇီး | ၃၁၅၄၃၀၀၀ | ၃၀၂၅၉၄၅၂ | ၆၆၈၄၀၄ |
| ၄။ | ပြင်သစ် | ၂၉၉၂၃၈၁၈ | ၂၉၂၆၄၄၇၃ | ၁၄၈၈၉၈ |
| ၅။ | ဂျာမနီ | ၂၆၉၆၉၅၄၆ | ၂၆၀၄၉၄၀၀ | ၁၄၀၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၄၂၂၆၁၁ | ၂၂၀၅၂၉၀၄ | ၁၇၉၃၆၃ |
| ၇။ | ရုရှား | ၁၈၃၈၅၀၉၈ | ၁၇၈၀၆၀၉၇ | ၃၈၀၂၀၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၄၈၄၇၉ | ၁၈၀၄၃၂၇၉ | ၂၄၃၉၉ |
| ၉။ | အီတလီ | ၁၇၇၀၃၈၈၇ | ၁၆၉၃၂၅၀၀ | ၁၆၇၅၀၅ |
| ၁၀။ | တူရကီ | ၁၅၀၇၈၁၈၆ | ၁၄၉၇၉၀၉၉ | ၉၈၉၇၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၄၁၅၁ | ၉၅၇၄၂၇၀ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၃၂၅၁ | ၅၉၀၀၅၇၄ | ၁၅၆၆၇၀ |
| ၃။ | မလေးရှား | ၄၅၃၀၃၁၂ | ၄၄၇၁၆၃၁ | ၃၅၇၂၀ |
| ၄။ | ထိုင်း | ၄၄၉၀၇၆၀ | ၄၄၃၈၇၉၃ | ၃၀၃၈၉ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၄၁၂၁ | ၃၆၃၀၄၄၉ | ၆၀၄၆၁ |
| ၆။ | စင်ကာပူ | ၁၃၄၈၇၇၅ | ၁၂၆၆၇၀၁ | ၁၄၀၁ |
| ၇။ | မြန်မာ | ၆၁၃၄၆၄ | ၅၉၂၄၆၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၇၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၄၁၃၃ | ၁၅၀၈၆၅ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

# အမေရိကန်သမ္မတဂျိုးဘိုင်ဒင် လာမည့်လအတွင်း ဆော်ဒီအာရေဗျနှင့် အစ္စရေးနိုင်ငံတို့သို့ သွားရောက်မည်



**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လာမည့်လအတွင်း ဆော်ဒီအာရေဗျနှင့် အစ္စရေးနိုင်ငံတို့သို့ ဇူလိုင် ၁၃ ရက်မှ ၁၆ ရက်အထိ သွားရောက်ရန်စီစဉ်ထားကြောင်း အိမ်ဖြူတော်က ကြေညာခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း သမ္မတဂျိုးဘိုင်ဒင်က အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းနယ်မြေသို့ သွားရောက်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေး မြင့်တက်မှုကို ဖြေလျှော့ရန်နှင့် ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုတိုးမြှင့်ရန် ကမ္ဘာ့ထိပ်တန်းရေနံစိမ်းထုတ်လုပ်သည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံအား သမ္မတဂျိုးဘိုင်ဒင်က တိုက်တွန်းပြောကြားသွားဖွယ်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း တူရကီနိုင်ငံ၌ ဆော်ဒီသတင်းထောက်တစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန် ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်က စီစဉ်ခဲ့သည်ဟု အမေရိကန်က အတည်ပြုပြောကြားခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး အေးစက်လာခဲ့သည်။

ဂျိုးဘိုင်ဒင်၏ ယခုခရီးစဉ်အတွင်း ဆော်ဒီအိမ်ရှေ့မင်းသားနှင့်တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

ဂျိုးဘိုင်ဒင်၏ လူ့အခွင့်အရေးဆိုင်ရာ ရပ်တည်ချက်မပြောင်းလဲသော်လည်း ဆော်ဒီခေါင်းဆောင်အချို့နှင့် တွေ့ဆုံရန်ဆန္ဒရှိကြောင်း အမေရိကန်အဆင့်မြင့်အရာရှိတစ်ဦးကဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ယူဂန္ဒာနိုင်ငံ၌ သစ်တောမြေဧရိယာ ၁၅ ရာခိုင်နှုန်းအထိ တိုးချဲ့မည်

**ကန်ပါလာ ဇွန် ၁၅**

ယူဂန္ဒာနိုင်ငံ၏ သစ်တောမြေဧရိယာအား လာမည့်ဘဏ္ဍာနှစ်မှစတင်၍ ၁၅ ရာခိုင်နှုန်းအထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီး မာတီယာကီဆာက ပြောကြားသည်။

ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ လျော့နည်းလာခြင်းမှ ထိန်းသိမ်းရန်အတွက်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ဒီရေတောနှင့် သစ်တောမြေဧရိယာစတုရန်းကီလိုမီတာ ၈၅၀ အား နယ်မြေသတ်မှတ်ပြီး မှတ်တမ်းတင်ကာ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုများကြောင့် စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အခက်အခဲများဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း တရားမဝင် သစ်ခုတ်မှုများနှင့် မြေယာပြုန်းတီးမှုများရှိခဲ့သော်လည်း သစ်တောမြေအပြောက်အမြားရှိနေကြောင်း ယူဂန္ဒာသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကူးစက်မှုဆိုင်ရာ အရေးပေါ်ကော်မတီတစ်ရပ် ဖွဲ့စည်းမည်




**ဂျီနီဗာ ဇွန် ၁၅**

မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှုကို အနီးကပ်စောင့်ကြည့်ရန်နှင့် ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးအပေါ် စိုးရိမ်ပူပန်ရခြင်းရှိ မရှိ အကဲဖြတ်ရန် လာမည့်ရက်သတ္တပတ်အတွင်း အရေးပေါ်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

### ပြောကြားခဲ့

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့အက်ဒါနွမ်ဂါဘရီယီဆက်က အဆိုပါဆုံးဖြတ်ချက်ကို ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံပေါင်း ၃၉ နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၆၀၀ ကျော်ရှိကြောင်းနှင့် အဆိုပါရောဂါ သံသယရှိသူ ၁၅၀၀ နီးပါးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

အဆိုပါရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ကူးစက်မှုတွေ့ရှိရသော်လည်း ယခုအချိန်တွင် အနောက်နိုင်ငံများသို့လည်း ကူးစက်ပျံ့နှံ့နေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

မျောက်ကျောက်ရောဂါဖြစ်ပွားစေသည့် ဗိုင်းရပ်စ်သည် ယခင်နှင့်အသွင်မတူတော့ဘဲ ယခုအချိန်တွင် ကွဲပြားခြားနားမှုရှိနေပြီမှာ သိသာထင်ရှားကြောင်းနှင့် ကမ္ဘာ့နိုင်ငံများသို့လည်း ကူးစက်ပျံ့နှံ့နေပြီဖြစ်သည့်အတွက် ရောဂါကူးစက်မှုဆိုင်ရာ ကိုင်တွယ်ထိန်းချုပ်မှုနှင့် တုံ့ပြန်မှုများကို နိုင်ငံအချင်းချင်း ဖလှယ်ကြရန် အရေးကြီးကြောင်း ဂါဘရီယီဆက်က ဆိုသည်။

အရေးပေါ်ကော်မတီ အစည်းအဝေးကို ဇွန် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံအများအပြားမှ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားထားကြောင်း သိရသည်။

ယခင်ကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အီဘိုလာနှင့် ပိုလီယိုရောဂါဖြစ်ပွားမှုအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို ကြေညာခဲ့သည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဆိုင်ရာ အရေးပေါ်အခြေအနေများကို ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၃၅ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် ဇွန် ၁၅**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၃၅ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၈၂၄၈၄၇၉ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့ရာမှ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ စနစ်ကျစွာဆောင်ရွက်နိုင်ခဲ့သဖြင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြန်လည်ကျဆင်းခဲ့သည်။

လက်ရှိအချိန်၌ ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၃၃၅၅၇ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၃၉၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဂျပန်နိုင်ငံသို့ ပြီးခဲ့သည့်လအတွင်း နိုင်ငံခြားသားခရီးသွား ၁၄၀၀၀၀ ကျော်လာရောက်

**တိုကျို ဇွန် ၁၅**

ပြီးခဲ့သည့် မေလအတွင်းက ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသား ခရီးသွားအရေအတွက် ၁၄၀၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

မေလအတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားဦးရေ ၁၄၇၀၀၀ ရှိခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။

အဆိုပါ နိုင်ငံခြားသားများအနက် ဗီယက်နမ်နိုင်ငံမှ ၃၉၀၀၀ ဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမဖြစ်ပွားမီကာလ ဖြစ်သည့် ၂၀၁၉ ခုနှစ် မေလအတွင်း လာရောက်သည့်အရေအတွက်နှင့် တူညီမှုရှိကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။



### တိုးမြှင့်လက်ခံခဲ့

ဧပြီ ၁၀ ရက်တွင် နိုင်ငံခြားသားခရီးသွားဦးရေကို တစ်ရက်လျှင် ၇၀၀၀ မှ ၁၀၀၀၀ အထိ တိုးမြှင့်လက်ခံခဲ့သည့်အတွက် ယခုကဲ့သို့ ခရီးသွားအရေအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အစိုးရက ဇွန် ၁ ရက်တွင် နိုင်ငံခြားသားခရီးသွားများ နေ့စဉ်ဝင်ရောက်မှု ကန့်သတ်ချက်ကို ၂၀၀၀၀ အထိ နှစ်ဆတိုးခဲ့သည့်အတွက် လာမည့်လများတွင် နိုင်ငံခြားသား ခရီးသွားအရေအတွက် ထပ်မံတိုးလာဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၂၂ ဦးတွေ့ရှိ

**နယူးဒေလီ ဇွန် ၁၅**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၂၂ ဦးထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃၂၄၅၅၁၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

### မြင့်တက်လာခဲ့

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၅ ဦးထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၇၉၂ ဦးရှိလာကြောင်းနှင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှစတင်ကာ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည်လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၅၃၆၃၇ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူ ၅၇၁၈ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၄၂၆၆၇၀၈၈ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ ခဲသတ္တုများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်မှ ၁၃ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ခရိုင်နှင့် မြို့နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကော့သောင်းမြို့နယ်နှင့် မြိတ်မြို့နယ်တို့အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်ဓာတ်မြေသြဇာ ၈ဝ၃ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၂၄ဝဝဝဝ)နှင့် ဘိလပ်မြေ ၃၂၅၇ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇ဝ၇၄ဝဝ)ကို အကောက်ခွန်ဥပဒေဖြင့် လည်းကောင်း၊ မြိတ်မြို့နယ်အတွင်း တရားမဝင် ခဲသတ္တု ၉ ဒသမ ၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၁၉ဝဝဝဝ)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၁၃၇၄ဝဝ) ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီဂါလန် ၂၆ဝဝ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ဝဝဝဝဝဝ)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဖော့ဖိနပ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဝ၃၂ဝဝဝ)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၃ ရက်တွင် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၆၁ဝဝဝ)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ဝဝဝဝဝဝ)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၂၂ဝ၈ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၈၇ဝ၄၆၄)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၃၁၄၆၄)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် ကောကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

အလားတူ ဇွန် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၊ စစ်ကိုင်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့အတွင်း လိုင်စင်မဲ့ယာဉ်သုံးစီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅ဝဝဝဝဝ)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၈၂၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၆၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၉ ရက်၊ ၁ဝ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၉၉၈၇၂၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များ အပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက်အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာ များတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်း ရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၆-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီပိုကရေစီဆိုရာဝယ်
၁၂:၃၀ MRTV National News
၁၂:၅၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၅ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ၃၀ ဖြာမဏ်လာ 'ပူဇာစ ပူဇနေယျာနံ' (ပူဇော်ထိုက်သူကို ပူဇော်ရခြင်း)
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ကျွန်တော်ချစ်သောမိန်းမများ'** (အပိုင်း-၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းဘီဝမ်က'** (အပိုင်း-၁၅)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း **'လိုဘ'**

**mitv**

07:01 Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:10 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
07:30 Travelogue: To the coastal region (Myeik - Kawthoung)(Part-1)
08:01 Discovering Tribes "Rvwang" Their Life and Customs (Part-2)
08:30 Healthy Diet: Fasting Diet
08:38 The Great Collector: Myanmar Antique Furniture and Handicraft
09:01 News
09:27 Alms Bowl
09:46 Irrawaddy Dolphin (Part-2)
10:02 Golden Mandalay Hill

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အရသာမြိန်ရှက်စေတဲ့ဆန်ကောထမင်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေစကားသင်ကြရအောင် (အပိုင်း-၃)
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** ပြောင်းဖူးခြောက်ပြုတ်နည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်း(ချိုး)ဘာသာစကား ပြောကြရအောင် (အပိုင်း-၁)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၂)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ကလေးငယ်များကိုဖြည့်စွက်စာကျွေးခြင်း
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** မီးဖိုပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ပုတာအိုသို့အလည်တစ်ခေါက်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** လန်းဆန်းပျော်ရွှင် ရေလမ်းကြောင်းခရီးစဉ်
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကန်စွန်းရွက်နှင့်ကျန်းမာရေး

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ယုက်ဖြာသွယ်တန်းထားပုလဲကေရီမှ ကျေးလက်လမ်းကွန်ရက်များ (အပိုင်း-၁)
၁၃:၀၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၂၀ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တာဝန်နှင့်ရှု'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ တန်ဖိုးမြင့်ထုတ်ကုန်ဖွံ့နသီအစွမ်း
၀၇:၀၀ အဖိုးနည်းဝန်ပါတန်ဖိုးရှိတဲ့ 'ဝါးခေါက်ပါ'
၀၇:၄၀ ကဏန်းသယံဇာတများထွက်ရှိရာ ကဏန်းကမ္ဘာ
၀၈:၄၅ အဖိုးမဖြတ်နိုင်သောမြန်မာ့ရွှေဖြူ
၀၉:၄၀ ရွှေချည်(၉) ရွှေတောင်(၈) တောင်သူများ အတွက်စီးပွားဖြစ်

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်ဟောင်း ဦးလှစိုး၊ စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးနှင့် တိုင်းအတွင်းရေးမှူး ဦးစိုးစိုးဇော်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှစိုးနှင့် စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးတို့၏လုပ်ငန်းဆောင်ရွက်မှုများအပေါ် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

**ငွေကျပ် သန်းပေါင်း ၃၈၀၀၀ ကျော် ဆုံးရှုံး**

စစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှစိုးနှင့် စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရမြေများစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအဆုံးအဖြတ်ဖြင့် ၂၀၂၁ ခုနှစ် ဇွန် ၂၂ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အတွင်း မြေကွက်များရောင်းချပေးခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ မြို့နယ်များအလိုက် ကာလတန်ဖိုး သတ်မှတ်ချက်အောက်သို့ လျှော့ချခွင့်ပြုပေးခဲ့သဖြင့် ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒလမြို့နယ်၊ သဃ်န်းကျွန်း မြို့နယ်များရှိ မြေကွက် ကိုးကွက် မြေဧရိယာ ၂၆၂ ဧကခန့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် သန်းပေါင်း ၃၈၀၀၀ ကျော် ဆုံးရှုံးခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ခြင်းဖြစ်ကြောင်း၊ အတွင်းရေးမှူး ဦးစိုးစိုးဇော်သည် အစိုးရမြေများ စီမံခန့်ခွဲရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး မြေလျှောက်ထားခြင်း၊ မြေကွက်ဈေးနှုန်းသတ်မှတ်ဆောင်ရွက်ခြင်းများတွင် ရောင်းချမြေတန်ဖိုးများမှာ ကာလတန်ဖိုးအောက် များစွာ လျှော့နည်းနေသည်ကို တင်ပြမှုမရှိခဲ့ခြင်းနှင့် ဝယ်ယူခွင့်ရရှိသူအချို့နှင့် တိုက်ရိုက်ဆက်သွယ်၍ မြေနေရာချထားပေးနိုင်ရန် တင်ပြဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးစေခဲ့ရာတွင် ပါဝင်အားပေးကူညီခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှစိုးသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က အစိုးရမြေများ နေရာချထားပေးသည့်ကိစ္စများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးဟောင်း ဦးအောင်သန်းဦးထံမှ ငွေကျပ်သိန်း ၂၅၀၀ ကို ငါးကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့ခြင်း ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်တစ်ဦးမှ မြေကွက်လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ ပေးအပ်ခဲ့သည့် ငွေကျပ်သိန်း ၅၀၀၀ ကို ၎င်း၏ နေအိမ်၌ ခြောက်ကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း။

**နိုင်ငံတော်၏ ငွေကြေးနစ်နာဆုံးရှုံးစေခဲ့**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က တိုင်းဒေသကြီးအစိုးရအစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေရိုင်းလုပ်ကိုင်ခွင့်ရရှိသူ ရှစ်ဦး၊ အစိုးရပိုင် မြေများဝယ်ယူခွင့်ရရှိသူ သုံးဦး၊ အခြားနည်း အသုံးပြုခွင့်ရရှိသူတစ်ဦးတို့ထံမှ လူမှုပတ်ဝန်းကျင် အကျိုးပြုလုပ်ငန်းစဉ် (Cooperate Social Responsibility–CSR) အတွက် စုစုပေါင်း ငွေကျပ် သိန်း ၉၅၀၀ ကျော်အား ကောက်ခံရယူခဲ့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉) ဖြင့် ထုတ်ပြန်ထားသော ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်တွင် အခြားစာရင်းရှင် ဖွင့်လှစ်ဆောင်ရွက်ရမည်ဖြစ်သော်လည်း အဆိုပါငွေများကို မြန်မာ့ရှေ့ဆောင်ဘဏ်(MAB) တွင် ၎င်းအမည်ဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်းနှစ်ခုသို့ ထည့်သွင်းခဲ့ခြင်း၊ ချက်လက်မှတ်များကို သိမ်းဆည်းထားခြင်းတို့သည် အစိုးရအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်ခြင်းပြုရာတွင် တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ငွေကြေးနစ်နာဆုံးရှုံးစေခဲ့ခြင်းဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်သည် ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေဧရိယာ ၃၂ ဧကကျော်အား အငြိမ်းစားပုဂ္ဂိုလ်တစ်ဦး၏အမည်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မြေကွက်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြေကွက်ချထားပေးနိုင်ရေး တင်ပြဆောင်ရွက်ပေးခြင်း၊ မြေတန်ဖိုးနှင့် CSR ပေးသွင်းငွေများ လျှော့နည်းပေးသွင်းစေရေးတို့အတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး မြေကွက်ဂရန်ရရှိပါက မြေကွက်ရောင်းချရရှိမည့် အကျိုးအမြတ်ငွေ အပေါ်မှ ၂၀ ရာခိုင်နှုန်း ပေးအပ်ရန် ညှိနှိုင်းသဘောတူညီခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို ရယူရန် အားထုတ်ခြင်းဖြစ်ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးလှစိုးနှင့် စီးပွားရေးရာဝန်ကြီးဟောင်း ဦးအောင်သန်းဦးတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ တိုင်းအတွင်းရေးမှူး ဦးစိုးစိုးဇော်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃နှင့် ပုဒ်မ ၅၆ အရလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် ဇွန် ၁၄ ရက်တွင် ပထမ သတင်းပေး တိုင်ကြားချက်ဖွင့်လှစ်ပြီး တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကိုဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၅**

မိုးညှင်းမြို့၊ ဘားအံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် လှိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မိုးညှင်းမြို့ နားခါရပ်ကွက် ရန်ကင်းရပ် မိုးညှင်း–ဟိုပင်သွားကားလမ်းတွင် ဆိုင်ကယ် သုံးစီးနှင့်အတူ အောင်ဇော်ဇော်လင်း (ခ) မောင်ငယ်၊ လင်းအောင်၊ မလပိုင်း(ခ)အပိုင်းနှင့် မချောစိန်တို့ လေးဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ကော့ထမလိန်းကျေးရွာအုပ်စု ပိုင်ရန်းကျေးရွာအနီး နောင်လုံ–ပိုင်ရန်းသွားကားလမ်းတွင် ဖြိုးဝေအောင် မောင်းနှင်ပြီး ချစ်ရဲကျော် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း။

အလားတူ ဇွန် ၁၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည်



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ကတ်တမင်းများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုခမ္မာလမ်းမကြီးတွင် Honda Fit အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်အတူ မောင်ရွှေမြင့်၊ ကျော်ကိုကိုဝင်း(ခ)အရှည်ကြီးနှင့် မလှလှနွယ်တို့ သုံးဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၂၇) ရပ်ကွက် ပင်လုံလမ်းမပေါ်၌ ကျော်သောင်း (ခ)စည်သူကို Toyota Wish အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဇွန် ၁၃ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်တုံကျေးရွာရှိ အိုက်ထွန်း(ခ)အိုက်ခမ်း၏ဂိုဒေါင်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိရဘဲ ဂိုဒေါင်စောင့် အိုက်ကျိုင်း(ခ) ကျိုင်းဟွန်၊ အိုက်ကျိုင်း(ခ)အိုက်ထွင်း၊ စိုင်းနုတ်(ခ)စိုင်းဗစ်နှင့် အိုက်အွန်တို့ လေးဦးကို တွေ့ရှိရပြီး ဂိုဒေါင်အတွင်းရှိ Mitsubishi Pajero အမျိုးအစားမော်တော်ယာဉ် နောက်ခန်းအတွင်းမှ ကတ်တမင်း ကီလို ၃၀ နှင့် ဂိုဒေါင်အတွင်းမှ ပွိုင့်–၂၂ ပြောင်းရှည်သေနတ်တစ်လက် (မှန်ပြောင်းတပ်လျက်)၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ခုနစ်တောင့်နှင့် မော်တော်ဆိုင်ကယ် လေးစီးတို့ကိုလည်းကောင်း။

အလားတူ ဇွန် ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လှိုင်လင်– တောင်ကြီးသွားကားလမ်းတွင် စိုင်းရွှေအောင်(ခ)စိုင်းစိန်ပန်း မောင်းနှင်ပြီး အိုက်ထွန်းလိုက်ပါလာသည့် Pajero အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့ရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

နေပြည်တော် ဇွန် ၁၅

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကိုအကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုင်းရိုးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြကျောင်း ဆရာ ဆရာမနှစ်ဦး၏ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခဲ့သဖြင့် လက်လုပ်ဗုံးများကျရောက်ပေါက်ကွဲခဲ့သဖြင့် နေအိမ်ကြမ်းခင်းနှင့် အမိုးသွပ်များပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၆ နာရီခန့်တွင် ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့ အမှတ် (၁) ရပ်ကွက်ရှိ စည်ပင်ရုံးနှင့် အမှတ်(၂)ရပ်ကွက်ရှိ “ခမ်း” ကိုယ်ပိုင်အထက်တန်းကျောင်းတို့အားလည်းကောင်း၊ ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အချုပ်ကလေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအားလည်းကောင်း၊ ယနေ့နံနက် ၂ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအားလည်းကောင်း၊ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မန်ခိန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ “ရွှေနဒီ”ကျောင်းဆောင်ဟောင်းအားလည်းကောင်း PDF အမည်ခံအကြမ်းဖက်သမားများက မီးပုလင်းများဖြင့်ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ကြရာ မီးလောင်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုများကြောင့် ကျောင်းဆောင်များအတွင်းရှိ စာရွက်စာတမ်း၊ စာရေးခုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗီရိုများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အုတ်ခံ၊ ပျဉ်ထောင်၊ သွပ်မိုး၊ ပျဉ်ခင်း၊ စာသင်ခန်း သုံးခန်းတွဲ နှစ်ထပ်ကျောင်းဆောင် တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။


မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။


ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန်အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်လူငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကိုမလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် သတ်ဖြတ်မှုများလုပ်ဆောင်

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ပညာရေး နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှုအခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များက အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများကို အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများ၌ ပညာသင်ကြားရေးကို ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

**ခြိမ်းခြောက်စာများ ရေးသားထား**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၇ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေနံတောင်ကျေးရွာရှိ ရေနံတောင် အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ကြံခင်းမြို့နယ် ညောင်ဝိုင်းကျေးရွာရှိညောင်ဝိုင်းအခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက် အမှတ်(၃)အခြေခံပညာကျောင်း၌လည်းကောင်း အနာဂတ်လူငယ်များ၏ ပညာသင်ကြားခြင်းကို အဟန့်အတားဖြစ်စေသည့် ခြိမ်းခြောက်စာများ ရေးသားထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နေ ကိုဘိုမင်းသူ ၃၅ နှစ် (ဘ)ဦးဇော်မင်းဦးသည် ၎င်း၏သားဖြစ်သူကို ကျောင်းသို့ပို့ဆောင်ပြီး ပြန်လာစဉ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၇၀)ရပ်ကွက် ကျောင်းလမ်းနှင့် အောင်ချမ်းသာ(၂)လမ်းထောင့်သို့အရောက်၌ မော်တော်ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်အမျိုးသား သုံးဦးက သေနတ်ဖြင့်ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ ကိုဘိုမင်းသူတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် သဃ်္ဃန်းကျွန်းမြို့နယ် စံပြဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။




ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ စာသင်ကျောင်းနှစ်ကျောင်း၌ ဆန့်ကျင်ခြိမ်းခြောက်စာသားများ ရေးသားထားမှု မှတ်တမ်းဓာတ်ပုံ။

**ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး**

အထက်ပါဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများကို အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန်ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများနှင့် ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက်ရှိ စာသင်ကျောင်း၌ ဆန့်ကျင်ခြိမ်းခြောက်စာသားများ ရေးသားထားသည့် ဗီနိုင်းစချိတ်ဆွဲထားမှု မှတ်တမ်းဓာတ်ပုံ။


ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သေနတ်ဖြင့်ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦးသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်




**နေပြည်တော် ဇွန် ၁၅**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တပ်ရင်း/တပ်ဖွဲ့များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

### လွှဲပြောင်းအပ်နှံ

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မြို့နယ် ခုနစ်မြို့နယ်မှ PDF အဖွဲ့ဝင် ၁၅ ဦးကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ စိုးမိုးထွန်းသည် ၎င်းအသုံးပြုသည့် "Soe Moe Htun" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာရပ်ကွက်နေ ယုယုဝင်းနှင့် အောင်မြေသာစံမြို့နယ် ပုလင်းဝန်းရပ်နေ ဝင်းမာ(ခ)မမေသည် ၎င်းတို့အသုံးပြုသည့် "Yu Yu Win" Facebook အကောင့်နှင့် "Win Mar" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖျာပုံမြို့၌ မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ချပွဲ ကျင်းပ

**ဖျာပုံ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ကိုးအိမ်တန်းကျေးရွာအုပ်စု ဘက်စုံအဆင့်မြင့်နည်းပညာသုံး၊ စံပြကျေးရွာ ကွင်းအမှတ် (၄၉၉-A) ဦးပိုင်အမှတ် (၁/၁) တောင်သူဦးဇော်လှိုင်ထွန်း၏လယ်မြေတွင် Rs to Cs စီးပွားဖြစ် မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ချပွဲကို ယမန်နေ့ ညနေ ၄ နာရီက အဆိုပါကျေးရွာရှိလယ်မြေတွင် ကျင်းပသည်။

အဆိုပါ မျိုးစေ့ချပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်က မျိုးစေ့ချပွဲသို့ တက်ရောက်လာကြသော တောင်သူများနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆွေးနွေးကြရာ အရည်အသွေးကောင်းမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးခြင်းအားဖြင့် တောင်သူများအနေဖြင့် ဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပါက မျိုးကောင်း၊ မျိုးသန့်၊ အထွက်တိုးစပါးများရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Rs to Cs စီးပွားဖြစ် မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ချပွဲ ကျင်းပကြရာ ကိုးအိမ်တန်းကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူများ၊ ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးစေ့ချပေးကြကြောင်း သိရသည်။

ထိုသို့မျိုးစေ့ချပွဲ ကျင်းပရာသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ ကိုးအိမ်တန်းကျေးရွာအုပ်စု အနီးဝန်းကျင်ရှိကျေးရွာများမှ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၅၀ | ၂၇၁၀ |
| 95 Ron | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၃၉၀ | ၂၃၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၅ | ၂၇၆၅ |
| HSD (500 ppm) | ၂၆၃၀ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၆၇၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၅ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၀ | ၂၆၈၀ | ၂၇၁၅ | ၂၇၁၅ | ၂၇၁၅ | ၂၉၃၅ | ၂၉၀၀ |
| HSD (50 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၅ | ၂၆၇၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၇၀၀ | ၂၇၁၀ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၆၅ | ၂၉၃၀ |
| HSD (10 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၅ | ၂၆၇၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၇၀၀ | ၂၇၁၀ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၆၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၄ | ၂၂၂၀ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၅၁၅ | ၂၅၉၅ |
| HSD (50 ppm) | ၂၅၄၃ | ၂၆၂၃ |
| HSD (10 ppm) | ၂၅၄၃ | ၂၆၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရှမ်းပြည်နယ် လက်ရွေးစင်ဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်



တောင်ကြီး ဇွန် ၁၅

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် လက်ရွေးစင်ဘော်လီဘော အသင်းအား အောင်နိုင်ရေး အလံပေးအပ်ခြင်းကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ရှမ်းပြည်နယ် ဘော်လီဘောအသင်းများမှ အားကစားသမားများသည် နိုင်ငံတော်မှ ချမှတ်ထားသော တာဝန်ကြီး(၄)ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှမှ အာရှအဆင့်၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်ထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ငွေများ ပေးအပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်လက်ရွေးစင် ဘော်လီဘော အသင်းအား ထောက်ပံ့ငွေကျပ် ၁၅၁၁၆၀၀၀ ပေးအပ်ရာ အသင်းနည်းပြအုပ်ချုပ်သူများက လက်ခံရယူပြီး ရှမ်းပြည်နယ် ဘော်လီဘော အသင်းနည်းပြချုပ် ဦးဌေးအောင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ် ဘော်လီဘော လက်ရွေးစင် အသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ရာ အသင်းနည်းပြအုပ်ချုပ်သူများက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရှမ်းပြည်နယ် လက်ရွေးစင်အမျိုးသား၊ အမျိုးသမီး ဘော်လီဘောအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကျေးရွာပေါင်း ၁၄၈ ရွာကို တစ်ရွာလျှင် သိန်း ၁၀၀ နှုန်းပံ့ပိုး၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်

မန္တလေး ဇွန် ၁၅

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၁၄၈ ရွာကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းပံ့ပိုးပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇွန်လတတိယပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းမှပံ့ပိုးပေးငွေများဖြင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ချောင်းကူးတံတားတည်ဆောက်ခြင်း၊ မီးလင်းရေး၊ ဆေးပေးခန်း၊ ရေတွင်း၊ ရေကန်များတည်ဆောက်ခြင်း၊ စာသင်ကျောင်းများတည်ဆောက်ခြင်းနှင့် ကျေးရွာစာကြည့်တိုက်များတည်ဆောက်ခြင်း စသည်တို့ကို ကျေးရွာနေဒေသခံများ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP)မှ တစ်ရွာလျှင် သိန်း ၁၀၀ နှုန်းထောက်ပံ့မှုဖြင့်ဆောင်ရွက်ပေးမည့် မြို့နယ်များမှာ သပိတ်ကျင်းမြို့နယ်၊ တံတားဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မြစ်သားမြို့နယ်၊ မိုးကုတ်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် စုစုပေါင်း ၂၂ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၄၈ ရွာကို ပံ့ပိုးငွေများဖြင့် ဆောင်ရွက်မည့် စီမံကိန်းကျေးရွာ ရွေးချယ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျေးလက်ဦးစီးဌာနတို့၏ အတည်ပြုချက်ရရှိထားပြီး စီမံကိန်းမိတ်ဆက်ခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းစဉ်အလိုက် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၅

မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁)ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁)နှစ်သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂) အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့် အတူ မှတ်ပုံတင်ကြေးကျပ် ၅၀၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## “အလှကမ္ဘာမြေ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇွန် ၁၅

ပြည်သူများအပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အဖြစ် “အလှကမ္ဘာမြေ” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဇွန် ၁၇ ရက် (သောကြာနေ့)ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းအစီအစဉ်တွင် တေးသံရှင်များ ဖြစ်ကြသည့် သန်းမြတ်စိုး၊ နေအောင်၊ ရဲထိုက်၊ ဘုန်းသစ်၊ စောဒယ်နီရယ်၊ မေသန်းနု၊ မယ်လိုဒီ၊ နိုင်သဇင်ဦးနှင့်ခင်လပြည့်ဝန်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇွန် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲအသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဇွန် ၁၅

သုတဝေဖြာသိရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် ၇၀ ကို ဇွန် ၁၇ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ဂျေနောတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၁၇၊ ၁၈ နှင့် ၁၉ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channelမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## “(၃၈)ဖြာမင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဇွန် ၁၅

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာမင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်နေ့မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် ကတညုတာ (သူတစ်ပါးပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း)နှင့် ဥာတကာနဉ္စသင်္ဂဟော (ဆွေမျိုးမောင်နှမတို့ကို စောင့်ရှောက်ခြင်း) အစီအစဉ်နှစ်ခုကို ဇွန် ၁၈ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ဆက်လက်ပြသမည်ဖြစ်သည်။

### ပါဝင်တင်ဆက်

ယင်းတင်ဆက်မှုကို နန်းတော်ရှေ့ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်စူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း(ရွှေနန်းသဘင်)၊ နန်းခင်မွှေး၊ သော်သော်နန်းဝင်း(ရွှေနန်းသဘင်)၊ မိုးပြည့်ပြည့်မောင်နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

### ပြန်လည်ပြသသွားမည်

ထို့အပြင် ဇွန် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကတညုတာ (သူတစ်ပါးပြုဖူးသောကျေးဇူးကို သိတတ်ခြင်း)နှင့် ဇွန် ၂၃ ရက် (ကြာသပတေးနေ့)တွင် ဥာတကာနဉ္စသင်္ဂဟော (ဆွေမျိုးမောင်နှမတို့ကို စောင့်ရှောက်ခြင်း) တို့ကို ညနေ ၆ နာရီ သတင်းအပြီး၌ တစ်ပိုင်းစီခွဲ၍ ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## အခွန်အခများပေးသွင်းရန် ကြေညာခြင်း

၂၀၁၈ –၂၀၁၉၊ ၂၀၁၉ –၂၀၂၀ နှင့် ၂၀၂၀ –၂၀၂၁ ဘဏ္ဍာရေးနှစ်များတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကသာမြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ကျွန်းလှမြို့နယ်များတွင် ခတ်သတ္တု(ရွှေ)အသေးစားနှင့်ခတ်သတ္တု(ရွှေ)လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားသည့် လုပ်ကွက်များအနက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet ကအတည်ပြုပြီးအခွန်အခပေးသွင်းရန်ပျက်ကွက်နေသောခတ်သတ္တု(ရွှေ) အသေးစားလုပ်ကွက်ပေါင်း (၂၅၆)ကွက်နှင့် ခတ်သတ္တု(ရွှေ)လက်လုပ်လက်စားလုပ်ကွက်ပေါင်း (၉၈)ကွက်တို့မှာအခွန်အခပေးသွင်းရန် ကျန်ရှိနေပါသည်။

အခွန်အခပေးသွင်းရန်ကျန်ရှိနေသည့် ကုမ္ပဏီ / လုပ်ငန်းရှင်များထံသို့ ရှေ့နေနို့တစ်စာများပေးပို့ခဲ့ပြီးဖြစ်ပါသဖြင့် ပေးသွင်းရန်ကျန်ရှိနေသောအခွန်အခများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ခတ်သတ္တု(ရွှေ) အသေးစား (၄)ဧကလုပ်ကွက် (၁)ကွက်လျှင် ငွေကျပ် (၁၁,၉၄၈,၅၆၃.၃၂/–)နှင့် ခတ်သတ္တု(ရွှေ) လက်လုပ်လက်စား (၁) ဧကလုပ်ကွက် (၁)ကွက်လျှင်ငွေကျပ်(၁,၁၄၇,၁၄၀.၈၃/–)အား ပြေကျေစွာအမြန်ဆုံးပေးသွင်းဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ရှေ့နေနို့တစ်စာများ ပေးပို့ဆောင်ရွက်ရာတွင် ခန္တီးခရိုင်အတွင်းရှိကုမ္ပဏီ/ လုပ်ငန်းရှင်များ၏ လိပ်စာရှင် ရှာမတွေ့ပါသောကြောင့် စာတိုက်မှ ပြန်လည်ပေးပို့လာသောအောက်ဖော်ပြပါ ကုမ္ပဏီ/လူပုဂ္ဂိုလ်များအနေဖြင့် အခွန်အခများအား (၁၆.၇.၂၀၂၂)ရက်နေ့ နောက်ဆုံးထားပေးသွင်းရန်သတင်းစာမှတစ်ဆင့် အသိပေးအကြောင်းကြားအပ်ပါသည်–

### ခတ်သတ္တု(ရွှေ) အသေးစားကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | အုပ်ချုပ်မှုဒါရိုက်တာ | နေရပ်လိပ်စာ | လုပ်ကွက်တည်ရှိရာမြို့နယ် | လုပ်ကွက်တည်ရှိရာဒေသ | လုပ်ကွက်အရေအတွက် | ပေးသွင်းရမည့်အခွန်အခ(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ရွှေကြယ်မိုး | ဦးဇော်ခင် | ဟွေ့ဖလာ၊ နောင်တော ကျေးရွာအုပ်စု၊ဟုမ္မလင်းမြို့နယ်၊ 09–259791353 | ဟုမ္မလင်း | နောင်ခမ်း | ၂ | ၂၃,၈၉၇,၁၂၆.၆၄ | မုံရွာစာတိုက် ဟုမ္မလင်း စာတိုက် |
| ၂ | ရွှေအောင်မော် | ဦးဝင်းမော် | ခဲနန်းကျေးရွာ၊ လောင်ဖောင်အုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09–442699130 | ဟုမ္မလင်း | လောင်ဖောင် | ၂ | ၂၃,၈၉၇,၁၂၆.၆၄ | ။ |
| | | | | | | ၂ | ၂၃,၈၉၇,၁၂၆.၆၄ | ။ |
| ၃ | ရန်တိုင်းအောင် | ဦးနေလင်း | လွင်ဦးကျေးရွာ၊ လောင်ဖောင်အုပ်စု၊ ဟုမ္မလင်းမြို့နယ်၊09–259232588/ မော်လိုက်ကလေး၊ မော်လိုက်မြို့နယ်၊ 09–401541372 | ဟုမ္မလင်း | ထိန်ကုန်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၄ | သန်းရွှေရည်အောင် | ဦးသန်းငွေ | တာရိုးလမ်း၊ နန့်တောစံပြကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09–400509240/ 09–400510011 | ဟုမ္မလင်း | လောင်ဖောင် | ၃ | ၃၅,၈၄၅,၆၈၉.၉၆ | ။ |
| ၅ | အောင်လင်းလက်ဟိန်း | ဦးနေဝင်းနိုင် | အောင်ချမ်းသာလမ်း၊ နန့်တော ကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09 – 442809050/ 09–450055571 | ဟုမ္မလင်း | လောင်ဖောင် | ၄ | ၄၇,၇၉၄,၂၅၃.၂၈ | ။ |
| ၆ | သန်းရွှေစင် | ဦးအောင်နိုင်ဝင်း | နန့်တောစံပြကျေးရွာ၊ ဟုမ္မလင်း မြို့နယ်၊09–442909084/ 09–440687967/09–898555024 | ဟုမ္မလင်း | မိုင်းကိုင်း | ၂ | ၂၃,၈၉၇,၁၂၆.၆၄ | ။ |
| ၇ | ရွှေလင်းကျော် | ဦးအောင်ကျော်ကျော် | နန့်တောစံပြကျေးရွာ၊ မိုင်းကိုင်းအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09–403050757 | ဟုမ္မလင်း | မိုင်းကိုင်း | ၂ | ၂၃,၈၉၇,၁၂၆.၆၄ | ။ |
| ၈ | ဇေယျာထွန်း | ဦးတင်မောင်ဆွေ | နန့်တောစံပြကျေးရွာ၊ ဟုမ္မလင်း မြို့နယ်၊ 09–268204770/ 09–447103760 | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၉ | သန်းကျော်အောင် | ဦးကျော်မင်းဦး | နန့်တောစံပြကျေးရွာ၊ ဟုမ္မလင်း မြို့နယ်၊ 09–266731636/ 09–768614995 | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၀ | အောင်ဆန်းမြ | ဦးငွေးဆွေ | နန့်တောစံပြကျေးရွာ၊ ဘုရားကုန်း၊ မိုင်းကိုင်းအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09–403731520 /09–442963734 | ဟုမ္မလင်း | မိုင်းကိုင်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၁ | ဂမုန်းပွင့်ရွှေပြည် | ဦးမျိုးလင်း | နန့်တောစံပြကျေးရွာ၊ ဟုမ္မလင်း မြို့နယ်၊09–782605240/ 09–256442884 | ဟုမ္မလင်း | မိုင်းကိုင်း | ၂ | ၂၃,၈၉၇,၁၂၆.၆၄ | ။ |
| ၁၂ | ဖွဲ့ထက် | ဦးအိုက်ပွား | နန့်တောစံပြကျေးရွာ၊ မိုင်းကိုင်း အုပ်စု၊ဟုမ္မလင်းမြို့နယ်၊ 09–428987344 | ဟုမ္မလင်း | ဟဲဖက် | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၃ | သိန်းသန်းရွှေ | ဦးသိန်းထွန်း | နန့်တောစံပြကျေးရွာ၊ မိုင်းကိုင်း အုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09–400449588 | ဟုမ္မလင်း | ဟဲဖက် | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၄ | မာဃရွှေတောင် | ဦးသိန်းထွန်း | နန့်တောစံပြကျေးရွာ၊ မိုင်းကိုင်းအုပ်စု၊ ဟုမ္မလင်းမြို့နယ်၊ 09–400449588 | ဟုမ္မလင်း | ဟဲဖက် | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၅ | ထွန်းတောက်ဝင်း | ဦးချစ်ရွှေ | သံယောဇဉ်ရပ်ကွက်။ ရွှေတွင်း ကျေးရွာ၊ဟုမ္မလင်းမြို့နယ်၊ 09–448488543 | ဟုမ္မလင်း | ရွှေတွင်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၆ | ပွင့်ရွှေပြည် | ဦးခင်မောင် | ရွှေတွင်းကျေးရွာအုပ်စု၊ ဟုမ္မလင်း မြို့နယ်၊ 09–455669997/ 09–455889997 | ဟုမ္မလင်း | ရွှေတွင်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၇ | နေထူးကမ္ဘာ | ဒေါ်မိုးကြည် | သံယောဇဉ်ရပ်ကွက်။ ရွှေတွင်း ကျေးရွာ၊ဟုမ္မလင်းမြို့နယ်၊ 09–403105423/09–424347997 | ဟုမ္မလင်း | ရွှေတွင်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၈ | ရွှေရတီထွန်း | ဦးဖိုးထူး | သံယောဇဉ်ရပ်ကွက်။ ရွှေတွင်း ကျေးရွာ၊ဟုမ္မလင်းမြို့နယ်၊ 09–898661989 | ဟုမ္မလင်း | ရွှေတွင်း | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
| ၁၉ | ရွှေရောင်လွှမ်းရှမ်းနီ | ဦးနေမင်းထွန်း | နောင်ပိုအောင်စံပြကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09–440946060 | ဟုမ္မလင်း | လောင်ဖောင် | ၂ | ၂၃,၈၉၇,၁၂၆.၆၄ | ။ |
| ၂၀ | ထွန်းရတနာနွယ် | ဦးထွန်းလွင် | နောင်ပိုအောင်စံပြကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ 09–440460186/ 09–456669781 | ဟုမ္မလင်း | နန့်သာ | ၁ | ၁၁,၉၄၈,၅၆၃.၃၂ | ။ |
